# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၂၈)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၁၂ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲနှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

စာ - ၅ သို့



ထားဝယ်မြို့၌ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုတွေ့ရစဉ်။

# ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ် စတင်ဖြေဆို

နေပြည်တော် မတ် ၁၁

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင်စတင်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ

**စာမျက်နှာ ၁၂ ကော်လံ ၃ ♦**

## ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေပြဌာန်း

စာ - ၈ သို့

## မေတ္တာစွမ်းအင်

စာ - ၆ သို့

## အမျိုးသားပြတိုက် (နေပြည်တော်) ပြန်လည်ဖွင့်လှစ်ပြသ

စာ - ၁၁ သို့






## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၁၂ ရက်)

# အစိုးရသစ်တစ်ရပ်ပေါ်ပေါက်ရေးကြိုးပမ်းဆောင်ရွက်

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေးတိုးတက်မှုရှိစေရေးအတွက် ယခင်ကယေဘုယျအားဖြင့် နိုင်ငံတွင်ကျင့်သုံးသည့်စနစ်များအလိုက် အစိုးရများနှင့်နိုင်ငံရေးပါတီများကဆောင်ရွက်ခဲ့ကြသည်။ ယခုခေတ်ကာလတွင် အစိုးရနှင့်ပါတီများသာမက ပြည်တွင်း၌ဖွဲ့စည်းထားသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (NGO၊ INGO)များကပါ ပါဝင်ဆောင်ရွက်ကြသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးစကာလမှစတင်၍ ခေတ်အဆက်ဆက်တွင် အစိုးရအဖွဲ့အမျိုးမျိုး၊ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့်ပြောင်းလဲကျင့်သုံးခဲ့ပြီး ၂၀၁၁ ခုနှစ်မှစတင်၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းခဲ့သည်။

နိုင်ငံတော်ကို အစိုးရ၊ လွှတ်တော်တို့ဖြင့်ဦးဆောင်ခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုရလဒ်များဖြစ်ပေါ်ခဲ့သည်။ ၎င်းတို့အနေဖြင့် ဥပဒေနှင့်အညီဖြေရှင်းမှုမရှိဘဲ မဲမသမာမှုရလဒ်များဖြင့် ထွက်ပေါ်လာသည့် ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန်ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကိုတာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သဖြင့် အစိုးရအဖွဲ့ကိုဖွဲ့စည်းရာတွင် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမှုရှိစေရေး တပ်မတော်သားများဖြင့်သာ သီးခြားဖွဲ့စည်းခြင်းမဟုတ်ဘဲ နိုင်ငံ့အကျိုးကိုဆောင်ရွက်နိုင်ပြီး အတွေ့အကြုံရှိသည့် အရပ်ဘက်ပုဂ္ဂိုလ်များကိုပါထည့်သွင်းဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်တာဝန်ကိုစတင်ထမ်းဆောင်ချိန်တွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပြီး ထိုအထဲတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များပြီးဆုံးပါက ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်များကိုလွှဲပြောင်းပေးအပ်မည်ဟုပါရှိပြီးဖြစ်သည်။ သို့သော် အစိုးရတာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကြောင့် နိုင်ငံတစ်ဝန်းဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်မှုများအထိဖြစ်ပေါ်ခဲ့သည်။ တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်အချိန်လည်းဖြစ်သည်။ အခက်အခဲအကျပ်အတည်းအမျိုးမျိုးကြားမှ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပြီး မဲဆန္ဒရှင်စာရင်းများမှန်ကန်စွာဖြင့်ရရှိနိုင်ရေးအတွက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအားကောက်ယူခြင်း၊ အလားတူ မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေးအတွက် ပြင်ဆင်ခြင်းများဆောင်ရွက်ခဲ့ရသည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကို ၂၀၂၃ ခုနှစ်တွင် စတင်ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြင်ဆင်ချိန် ၃ နှစ်ခန့်အထိ ရရှိခဲ့ကြသည်။ ပါတီဝင်ဦးရေတိုးပွားရေးအတွက်လည်း ပါတီဝင်စည်းရုံးရေးလုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီခွင့်ပြုပေးခဲ့သည်။ ပါတီဝင်ဦးရေပိုမိုရရှိအောင် စည်းရုံးခြင်းသည် ပြည်သူလူထုကိုစည်းရုံးခြင်းပင်ဖြစ်ပြီး ပြည်သူကို တစ်စိတ်တစ်ပိုင်း စည်းရုံးခွင့်ရခြင်းပင်ဖြစ်သည်။ ပါတီဝင်အင်အားများလာပါက ထောက်ခံသူများပြားလာမည်ဖြစ်သည်။ ပါတီဝင်များစုဆောင်းခွင့်နှင့် မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းစဉ်များကိုလည်း နည်းလမ်းတကျခွင့်ပြုပေးထားခဲ့သည်။

ရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံးကိုယ်စားပြုပါဝင်ယှဉ်ပြိုင်သည့်ပါတီ(၆)ပါတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကိုယ်စားပြုယှဉ်ပြိုင်သည့်ပါတီ(၅၁)ပါတီ၊ စုစုပေါင်းနိုင်ငံရေးပါတီ(၅၇)ပါတီ ပါဝင်ခဲ့သည်။ နိုင်ငံရေးပါတီများတည်ထောင်၍ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ပိုမိုခိုင်မာစေခဲ့သည်။ ကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲအပိုင်း(၃)ပိုင်းစလုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းကျော်အနက် မဲပေးခဲ့သည့်အရေအတွက်မှာ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့သည်။ ထို့ကြောင့် မဲပေးမှုရာခိုင်နှုန်းအနေဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ရှိသည်။

ရွေးကောက်ပွဲ၌ နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ မီဒီယာများလာရောက်လေ့လာခြင်း၊ သတင်းရယူခြင်းများဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲမစတင်မီ မမှန်မကန်စွပ်စွဲချက်များရှိသော်လည်း ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအပြီး၌ လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲအား နိုင်ငံတကာအသိုက်အဝန်းက မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ရသဖြင့် မဟုတ်မမှန်စွပ်စွဲချက်များတိတ်ဆိတ်သွားခဲ့သည်။ ရွေးကောက်ပွဲတစ်ရပ်အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ပြည်သူများကရွေးချယ်ပေးခဲ့သည့် ရွေးကောက်ခံကိုယ်စားလှယ်များပေါ်ထွက်လာပြီး ယခုမတ်လထဲတွင် လွှတ်တော်အစည်းအဝေးများကို ကျင်းပခြင်းနှင့်အတူ ဧပြီလတွင် ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်အာဏာထမ်းဆောင်နိုင်ရန် လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။

# ကျေးရွာတွင်းလမ်း သဲဖြူနိုင်းခင်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

လွိုင်လင် မတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ခေါင်းနွဲ့ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြူနိုင်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ်လ ၁၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သန့်ဇင်နှင့်တာဝန်ရှိသူများက လွိုင်လင်မြို့နယ် ခေါင်းနွဲ့ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြူနိုင်းခင်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများ အရှည်အသွေးပြည့်မီစွာ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

လွိုင်လင်မြို့နယ် ခေါင်းနွဲ့ကျေးရွာ၌ အရှည် ၁ မိုင် ၁ ဖာလုံကျော်၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ ကျေးရွာတွင်းလမ်း သဲဖြူနိုင်းခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေကျပ် ၈၈ ဒသမ ၃၅၅ သန်းအသုံးပြု၍ ဇန်နဝါရီလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

## သဇင်(FM)အသံလွှင့်အစီအစဉ် ၁၂-၃-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင်မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများ ပထမနေ့ကျင်းပ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့တွင် မြန်မာစာဘာသာရပ်လာရောက်ဖြေဆိုသူစုစုပေါင်း ၂၅၅၂၂၈ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့တွင် မြန်မာစာဘာသာရပ်လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

နေပြည်တော် မတ် ၁၁

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၅၂၂၈ ဦး၊ ပျက်ကွက် ၁၃၅၂၅ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၉၇ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်းစာစစ်ဌာန စုစုပေါင်း ၅၃ ခုဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ ဦးရေစုစုပေါင်း ၃၃၈၆ ဦးရှိပြီး စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်လာရောက်ဖြေဆိုသူစုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦးရှိကာ ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ်- မြန်မာစာ

နေ့စွဲ - ၁၁.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၄၂ | ၇၃၉၂ | ၁၁၆၃၄ | ၃၀၁ | ၂၄၅ | ၅၄၆ | ၉၅.၅၂% | ၄.၄၈% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၄၉ | ၃၈၄၀ | ၁၁၈၇ | ၂၄၇၃ | ၃၆၆၀ | ၁၀၄ | ၇၆ | ၁၈၀ | ၉၅.၃၁% | ၄.၆၉% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၂၀ | ၅၂၃ | ၈၄၃ | ၂၉ | ၄၃ | ၇၂ | ၉၂.၁၃% | ၇.၈၇% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၈၁၇ | ၇၇၀၉ | ၁၂၅၂၆ | ၃၉၃ | ၃၆၄ | ၇၅၇ | ၉၄.၃၀% | ၅.၇၀% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၃ | ၃၈၈၈ | ၅၉၉၁ | ၁၃၇ | ၁၉၅ | ၃၃၂ | ၉၄.၇၅% | ၅.၂၅% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၄၄ | ၈၉၈၃ | ၁၄၆၂၇ | ၄၅၁ | ၃၄၇ | ၇၉၈ | ၉၄.၈၃% | ၅.၁၇% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၆၆ | ၇၀၀၀ | ၁၁၈၆၆ | ၄၈၂ | ၂၉၃ | ၇၇၅ | ၉၃.၈၇% | ၆.၁၃% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၅၆ | ၁၂၈၆၃ | ၂၁၂၁၉ | ၅၂၇ | ၃၃၉ | ၈၆၆ | ၉၆.၀၈% | ၃.၉၂% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၄၀၃ | ၂၆၂၃၂ | ၄၅၆၃၅ | ၁၁၃၄ | ၇၈၀ | ၁၉၁၄ | ၉၅.၉၇% | ၄.၀၃% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၉၂ | ၇၀၅၀ | ၁၀၅၄၂ | ၁၇၈ | ၂၁၄ | ၃၉၂ | ၉၆.၄၁% | ၃.၅၉% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၉၁ | ၉၀၁ | ၁၆၉၂ | ၆၅ | ၄၂ | ၁၀၇ | ၉၄.၀၅% | ၅.၉၅% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၁ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၈၁၁ | ၂၆၀၇၈ | ၄၆၈၈၉ | ၁၄၂၀ | ၉၄၇ | ၂၃၆၇ | ၉၅.၁၉% | ၄.၈၁% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၉၃ | ၈၄၉၀ | ၁၃၃၈၃ | ၂၆၂ | ၂၅၇ | ၅၁၉ | ၉၆.၂၇% | ၃.၇၃% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၉ | ၁၀၅၈ | ၁၆၈၇ | ၃၈ | ၅၅ | ၉၃ | ၉၄.၇၈% | ၅.၂၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၆ | ၁၂၁၆ | ၁၉၇၂ | ၆၂ | ၄၅ | ၁၀၇ | ၉၄.၈၅% | ၅.၁၅% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၂၉ | ၂၀၉၀၇ | ၃၆၄၃၆ | ၁၈၄၈ | ၁၀၄၃ | ၂၈၉၁ | ၉၂.၆၅% | ၇.၃၅% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၂၉ | ၇၉၀၂ | ၁၄၁၃၁ | ၄၈၆ | ၂၉၇ | ၇၈၃ | ၉၄.၇၅% | ၅.၂၅% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၁၉၁ | ၁၅၆၅၆၂ | ၂၆၈၇၅၃ | ၁၀၄၂၅၉ | ၁၅၀၉၆၉ | ၂၅၅၂၂၈ | ၇၉၃၂ | ၅၅၉၃ | ၁၃၅၂၅ | ၉၄.၉၇% | ၅.၀၃% | |

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - မြန်မာစာ

နေ့စွဲ - ၁၁.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၃၁ | ၃၃၉ | ၂၀၆ | ၁၃၁ | ၃၃၇ | ၂ | ၀ | ၂ | ၉၉.၄၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၃၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'ဟာ ဟ၊ ကင်းစုံနော်၊ ရှုံးရင်တင်လိုက် စဉ်းစားမနေနဲ့'

'အရှုံးပေးပါတယ်ဗျာ'

မာမီသည် သူ့ရှေ့မှငွေများကိုသိမ်း၍ယူလိုက်သည်။ မာမီသည် သူ့ကိုယ်သူအလှပြင်ရာ၌ စုလှိုင်ထက်အဆပေါင်းများစွာပို၍ကျွမ်းကျင်လေသည်။ မီးရောင်အောက်ဝယ် ကြွေရောင်နုနုလေးပြေးနေသော မာမီ၏မျက်နှာလေးသည် နုပျို့ရွှန်းစိုနေသည်။ ပြုံးလိုက်ရယ်လိုက်သော အခါများတွင်ကား နဂိုလင်းနေသောမီးရောင်သည် ပို၍လင်းသွားသည်ဟုပင် ထင်ရလေသည်။

'ဖရက် စာမေးပွဲအောင်ပြီပဲ၊ အရင်တုန်းကပြောတော့ ဘွဲ့ရပြီးရင် ဒါတွေမလုပ်တော့ဘူးဆို'

'မာမီက ပြောမရဘူး စု၊ နောက်ပြီး ဒါက စီးပွားရေးပဲ၊ အခု ကိုယ် 'ဖိုး' သွားချမလားစိတ်ကူးတယ်၊ အဲဒါက သိပ်ရတာ'

'ဖိုး၊ ဟုတ်လား၊ အဲဒါ ဘာလဲ'

စုလှိုင်က မျက်ခုံးလေးတွန့်ကာမေးလိုက်သည်။ 'ဖိုး' ဟူသော စကားလုံးကို ပထမဆုံးအကြိမ်ကြားဖူးခြင်းဖြစ်သည်။

'ဟိုမှာ စိုင်းမင်းအောင်တွေ့လား၊ သူ အဲဒါပဲလုပ်နေတာ'

စုလှိုင်သည် စိုင်းမင်းအောင်ကို လှမ်းကြည့်လိုက်သည်။ နိုင်ငံခြားရှပ်အင်္ကျီ၊ တက်ထရက်ဘောင်းဘီ၊ စီကိုနာရီနှင့် သူ့တစ်ကိုယ်လုံးတွင် အကောင်းစားချည်းဖြစ်သည်။ လူကုံထံ ကြေးရတတ်သားသမီးသဖွယ် ခပ်နုနုလူစားမျိုးဖြစ်လေသည်။

သူ့ကိုလှမ်း၍ပြုံးပြသော စိုင်းမင်းအောင်ကို ခပ်ဖျော့ဖျော့ပြန်ပြုံးပြလိုက်ရင်း စုလှိုင်၏စိတ်သည် ညီလင်းဆီသို့ မဆီမဆိုင်ရောက်သွားပြန်သည်။ စိတ်ပါလက်ပါပြောနေသော ဖရက်ဒီ၏စကားများကို မကြားတချက်၊ ကြားတချက်နှင့် ငိုင်တွေတွေဖြစ်သွားသည်။ တဒင်္ဂအတွင်း ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်၏အရိပ်သည် ယခုတော့ သူ့ကိုခြောက်လှန့်နေချေပြီ။ လစဉ်ဖြစ်နေကျ အမျိုးသမီးသဘာဝဓမ္မတာသည် ဖြစ်ချိန်တန်လျက်မဖြစ်ဘဲ တစ်ပတ်ခန့်ရက်ကျော်နေပြီကို အချိန်ပြည့်သတိရနေသည်။ မူးဝေပျို့အန်ခြင်းများ မဖြစ်သေးသော်လည်း စုလှိုင်သည် သူ့ဝမ်းထဲ၌ ရမ္မက်၏အသီးအပွင့်လေး ကိန်းအောင်းနေမည်ကို စိုးရိမ်ထိတ်လန့်နေရပြီဖြစ်လေသည်။

'သိပ်ကောင်းတယ် စုရဲ့၊ ကိုယ့်မှာ ထည့်ပြီးသားတစ်လိပ်ပဲရှိတယ်၊ စု စမ်းကြည့်ချင်လို့လား'

'ကောင်းသားပဲ'

စုလှိုင်သည် အလိုက်သင့်ပြန်ပြောရင်း သူ့ပြဿနာကိုသာ သူဆက်၍တွေးလေသည်။ ဆေးသောက်ရမည်လား၊ ဆေးထိုးရမည်လား အသေအချာမသိသော်လည်း ငွေရှိလျှင် ပြဿနာရှင်းရန် သိပ်ပြီးခက်ခဲမည်ဟု မထင်မိပေ။ ကိုယ်ဝန်ကို ဖျက်ဆီးမပစ်ဘဲ အိမ်ထောင်ပြုလိုက်လျှင် ပြဿနာအလိုလိုရှင်းသည်ဟု တစ်ဖက်မှတွေးမိပြန်သည်။ သို့သော် ထိုအတွေးသည် စုလှိုင်၏ခေါင်းထဲသို့ ဘယ်ဘက်မှဝင်ပြီး ညာဘက်မှ လျှောခနဲပြန်ထွက်သွားလေသည်။ ဒက်ဒီနှင့်မာမီတို့၏အိမ်ထောင်ရေးကိုသာ သူ့မျက်စိထဲတွင်မြင်ယောင်လာသည်။ ထိုသို့သောအိမ်ထောင်ရေးမျိုးကို သူမတည်ထောင်ချင်ပေ။

'ရော့ ရှားရှားပါးပါး တစ်လိပ်ရမယ်'

သူ့ကိုကမ်းပေးသော စီးကရက်တောင့်ကလေးကိုငေးကြည့်နေပြီးမှ ဖရက်ဒီ ခုနကပြောသော 'ဖိုး'ဟူသော ဝေါဟာရကို ပြန်လည်သတိရသည်။

**''စုလှိုင်သည် ဖရက်ဒီ၏စကားများကိုကြားသော်လည်း စိတ်မဝင်စားတော့ပေ။ ပြန်၍လည်း မပြောလိုတော့ချေ။ ကင်းစုံတွေ၊ ကွင်းစုံတွေအော်နေသော မာမီတို့ဝိုင်းမှ အသံများကိုလည်း မကြားလိုတော့ဘဲ အနှောင့်အယှက်ဖြစ်နေသည်။ ထိုနေရာကထသွားပြီး တိတ်ဆိတ်သည့်နေရာသို့သွားပြီး အိပ်ရလျှင်ကောင်းမည်ဟု စဉ်းစားလိုက်မိသည်။ သို့သော် နေရာမှထရန်ကြိုးပမ်းရမည်မှာ ပင်ပန်းလှသည်။ မျက်လုံးအစုံသည် စင်းဝိုက်ပြီး အိပ်ချင်သလိုဖြစ်လာလေသည် . . . ''**

'အခုသောက်ရင်ရလား၊ မူးသလား'

စုလှိုင်သည် စီးကရက်ဖြူလေးကို နှုတ်ခမ်းတွင် ဖွဖွလေးခဲလိုက်ရင်း ပြုံးနေသည်။ ဖရက်ဒီက ဓာတ်ငွေ့မီးခြစ်လေးကို ဖြောက်ခနဲဖွင့်ပြီး ကမ်းပေးသည်။ ပြာလဲ့သောမီးတောက်ကလေး ဘယ်ယိမ်းညာယိမ်းနှင့် ယိမ်းနွဲ့နေသည်ကိုငေးကြည့်ရင်း စုလှိုင်သည် ဖရက်ဒီညွှန်းလှသည့် 'ဖိုး'ကို စ၍မြည်းစမ်းကြည့်မိလေသည်။

'ကောင်းသားပဲ'

'ဟေ့ ဖရက်ဒီ၊ ယူ အခု စုကိုလက်ထပ်ချင်သေးလား'

'စု ဘာဖြစ်လို့ မေးတာလဲ'

'မေးကြည့်တာပါ'

'စုကိုတော့ လက်ထပ်ချင်ပါသေးတယ်၊ ဒါပေမဲ့ ကိုယ် နယ်လီချို့နဲ့ လက်ထပ်ရမယ်'

'ဟင်၊ လက်ထပ်တော့မယ်လား'

'အင်း'

စုလှိုင်၏ခေါင်းထဲတွင် ကြည်လင်လာသည်။ လေးလံထိုင်းမှိုင်းနေသောစိတ်သည် အတန်ငယ်ပေါ့ပါးလာသည်။

'နေပါဦး၊ ယူက ဘာလို့ ဒီလောက်မြန်မြန်လက်ထပ်မှာလဲ'

'မမြန်လို့မှမရဘဲ၊ နယ်လီက လောနေတယ်'

'ဘာလဲ ကိစ္စများနေလို့လား'

'မဟုတ်သေးပါဘူး'

'သူ့ကို ကိုယ် စုလောက်မချစ်ပါဘူး၊ ဒါပေမဲ့ သနားတယ်၊ သူက ကိုယ့်ကို တကယ်ချစ်တယ်'

စုလှိုင်သည် ဖရက်ဒီ၏စကားများကိုကြားသော်လည်း စိတ်မဝင်စားတော့ပေ။ ပြန်၍လည်း မပြောလိုတော့ချေ။ ကင်းစုံတွေ၊ ကွင်းစုံတွေအော်နေသော မာမီတို့ဝိုင်းမှအသံများကိုလည်း မကြားလိုတော့ဘဲ အနှောင့်အယှက်ဖြစ်နေသည်။ ထိုနေရာကထသွားပြီး တိတ်ဆိတ်သည့်နေရာသို့သွားပြီး အိပ်ရလျှင်ကောင်းမည်ဟု စဉ်းစားလိုက်မိသည်။ သို့သော် နေရာမှထရန်ကြိုးပမ်းရမည်မှာ ပင်ပန်းလှသည်။ မျက်လုံးအစုံသည် စင်းဝိုက်ပြီး အိပ်ချင်သလိုဖြစ်လာလေသည်။

■ ■ ■ ■ ■

'ညီလင်းညို၊ မင်းကတော့ မင်းအဘိုးကြီးမျက်နှာရှိနေတာပဲ၊ အလုပ်ရမှာပါ၊ မခဲယဉ်းပါဘူး'

'နောင်ခါလာ နောင်ခါချေးပေါ့ဗျာ၊ ခင်ဗျားကလည်း စာမေးပွဲလည်း အောင်သေးတာ မဟုတ်ဘဲနဲ့'

'အေးလေကွာ၊ မုန့်ဆီကြော်ဖြင့် ဘယ်နေမှန်းမသိသေးဘူး၊ သူက နှုတ်ခမ်းနာတာစိတ်ပူနေတယ်'

ယုဒသန်မျှော်စင်ကြီး၏အရိပ်သည် အေးမြလှချေသည်။ ထုထည်ကြီးသောအဆောက်အအုံဖြစ်သည့်အလျောက် သူ့အောက်ဝင်လိုက်သည်နှင့် အတန်ငယ်အေးသွားသည်။ တင်ထွန်းမောင်သည် မျှော်စင်ဘေးရှိလမ်းကူးအုတ်ခုံနေရာလေးတွင် စာအုပ်ဖင်ခုပြီးထိုင်ချလိုက်သည်။

'ဟေ့ကောင် နွေသူရိန် မင်းအသည်းကွဲပဲဟက်တက်ပြဲကြီး ပြန်စေ့သွားပြီမဟုတ်လား၊ မစေ့သေးရင် ဟောဒီ ညီလင်းညိုဆီက ကော်တောင်းပြီး မျိုချ၊ တစ်ခါတည်းဆက်သွားမယ်၊ ဒီကောင်က အဆက်ကောင်း ပလတ်စတာရော၊ ကော်ရော'

တင်ထွန်းမောင်က ဝင်းမှည့်နေသော သစ်တိုသီးကို လက်ဖြင့်ဖိညှစ်ကာခွဲလိုက်သည်။ အဖိလွန်သဖြင့် အတွင်းသားများကိုပါညှစ်မိပြီး အရည်များထွက်လာကာ လက်ချောင်းများပေကုန်လေသည်။ သူ့လက်ညှိုးကို သူ့လျှာနှင့်တို့ကြည့်ကာ 'ချိုတယ်ကွ' ဟုပြောသောအခါ နွေသူရိန်က မျက်နှာရှုံ့သွားသည်။

ဝေစည်မြင့်မားလှသော သစ်တိုပင်ကြီးသည် ယုဒသန်မျှော်စင်ကြီးနှင့် အပြိုင်ပင် ကောင်းကင်သို့လှတက်နေသယောင်ထင်ရသည်။ ဝင်းဝါနေသောအသီးမှည့်များကို အပင်ပေါ်တွင်တွေ့ရသည်။

'တက္ကသိုလ်ကဇာတ်လမ်းလေးတွေကို ဒီသစ်တိုပင်ကြီးတော့ ကောင်းကောင်းသိမှာပဲနော်'

နွေသူရိန်က သစ်တိုပင်ကြီးကိုမော်ကြည့်ရင်း တမ်းတလွမ်းမောစွာပြောလေသည်။ ထိုစဉ်တွင် သစ်တိုပင်ကြီးက ခေါင်းညိတ်ထောက်ခံသလို အသီးတစ်လုံးခြွေချလိုက်သည်။ ဘုတ်ခနဲကျလာသောသစ်သီးကို တင်ထွန်းမောင်ကပြေး၍ကောက်လေသည်။

'ဘာလဲ မင်းနဲ့ဝါဝါခင်တို့ဇာတ်လမ်းလား'

တင်ထွန်းမောင်က မြက်တောထဲတွင် အသီးကြွေများကို နောက်ထပ်၍တွေ့ရနိုးနှင့် ကုန်းကုန်းကွကွရှာဖွေနေရင်းမှလှမ်းမေးသည်။ သက်သက်က ကျော်ထွန်းညိုကို လက်ခံလိုက်ပြီဟုသိရသောအခါ နွေသူရိန်သည် တစ်ပတ်ခန့် မှိုင်တွေချသွားသည်။ **ဆက်လက်ဖော်ပြပါမည်။**

## ဘားအံမြို့နယ်၌ အခြေခံကွန်ပျူတာသင်တန်း (၁/၂၀၂၄)ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

ဘားအံ မတ် ၁၁



ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် အခြေခံကွန်ပျူတာပညာရပ်ဖြင့် ပညာရေးနယ်ပယ်၊ လုပ်ငန်းခွင်နယ်ပယ်များတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ အခြေခံကွန်ပျူတာသင်တန်း (၁/၂၀၂၄)ကို မတ်လ ၁၀ ရက်က ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ရှေးဦးစွာ ဘားအံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက သင်တန်းဆိုင်ရာကိစ္စရပ်များ၊ စည်းမျဉ်းစည်းကမ်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမ ဒေါ်ပိုးအိဖြူ(တွဲဖက်ပါမောက္ခ)က သင်တန်းတွင်သင်ကြားပေးမည့် ကွန်ပျူတာဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မတ်လ ၁၀ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

## နတ်မောက်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

နတ်မောက် မတ် ၁၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်လ ၁၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစိုးက ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးများ အလုပ်ခွင်သို့ စောစီးစွာဝင်ရောက်ခြင်းကြောင့်ရရှိလာမည့် ကိုယ်ကာယ၊ စိတ်ပိုင်းဆိုင်ရာနှင့် ပညာရေးထိခိုက်မှုများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေများနှင့် ကာကွယ်စောင့်ရှောက်မှုများ စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ယဉ်ကျေးလိမ္မာသင်တန်းတွင် ဝင်ရောက်ဖြေဆိုကြပြီး ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ယဉ်ကျေးလိမ္မာသင်တန်းနည်းပြဆရာမများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

လှဝင်း

# သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင်မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိသာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ နိုင်ငံတော်ဩဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ၊ နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သောဋ္ဌသမရွှေကျင်သာသနာပိုင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏိဿရအမှူးပြုသော ဆရာတော်ကြီး ခုနစ်ပါး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ထွန်း၊ ဦးအေးထွန်းနှင့် ဒေါ်နုမြဇံ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက အဖွင့်ဩဝါဒကထာချီးမြှင့်တော်မူရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် အစည်းအဝေးတက်ရောက်လာကြသူများက နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားပြီး ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးတို့က အခမ်းအနားကျင်းပမည့် အစီအစဉ်များနှင့်ပတ်သက်၍ လျှောက်ထားကြသည်။

ယင်းနောက်အစည်းအဝေးသို့ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ နိုင်ငံတော်ဩဝါဒါစရိယတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ၊ နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သောဋ္ဌသမရွှေကျင်သာသနာပိုင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏိဿရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကေသရ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ ဆရာတော်ကြီးများက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနား ကျင်းပရာတွင် သာသနာတော်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်အောင် ဆောင်ရွက်ရန်၊ သာသနာတော်နှင့် သင့်လျော်သည့်အလုပ်အကိုင်၊ အပြင်အဆင်၊ ပြောဆိုမှုများနှင့်ညီညွတ်အောင် ဆောင်ရွက်ရန်၊ သမိုင်းမှတ်တိုင်၊ မော်ကွန်းတင်ကျန်အောင်ဆောင်ရွက်ရန်၊ ဆဋ္ဌသင်္ဂါယနာသမိုင်းမှတ်တမ်း၊ ခတ်ပုံအထောက်အထား၊ စာအုပ်စာပေများ ဖော်ထုတ်ထိန်းသိမ်းရန်နှင့် ဆဋ္ဌသင်္ဂါယနာတင် ဖွားဖက်တော်အဆောက်အအုံများကို ထိန်းသိမ်းရန်တို့ကို မိန့်ကြားကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးမှ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးလျှောက်ထားတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြဝတီ

# စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့မှုနှင့်ပတ်သက်၍ သုံးသပ်ခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများအားရှင်းလင်းပြောကြားခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၁

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်နိုင်ခဲ့မှုအား သုံးသပ်ခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၆)ရှိ ရတနာခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် စက်ရုံ၊ ရေနံမြေ၊ လုပ်ငန်းနှင့် စခန်းများမှ အရာထမ်း၊ အမှုထမ်းများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ငါးနှစ်တာကာလအတွင်း စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှာဖွေတူးဖော်ရေးကဏ္ဍ၊ သဘာဝဓာတ်ငွေ့များအား ပိုက်လိုင်းများနှင့် ပို့လွှတ်ရာတွင် လေလွင့်ဆုံးရှုံးမှုလျော့နည်းမှုမရှိစေရေးအတွက် ကြပ်မတ်ထိန်းသိမ်းပြုပြင်မှုကဏ္ဍ၊ ရေနံထွက်ပစ္စည်းများ ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်ရေးအတွက် စက်ရုံများပြင်ဆင်ထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းကဏ္ဍ၊ ရေနံထွက်ပစ္စည်းများ တင်သွင်းရောင်းချသည့်လုပ်ငန်းစဉ်တစ်လျှောက် စစ်ဆေးကြပ်မတ်သည့်ကဏ္ဍတို့တွင် အစီအမံများချမှတ်၍ တွန်းအားပေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး လက်တွေ့နယ်ပယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်းသည့် နယ်ပယ်အသီးသီးတွင် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဆောင်ရွက်နိုင်ခဲ့သဖြင့် အထွက်တိုးလာခဲ့သည့်အပြင် ခေတ်မီနည်းပညာများအသုံးပြုနိုင်ရေးအတွက် အခြေခံကောင်းများချမှတ်နိုင်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်အတတ်ပညာများဝင်ရောက်လာစေရေးအတွက် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများ၊ စွမ်းအင်ကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံတကာမှအကြီးအကဲများနှင့် ခင်မင်ရင်းနှီးသည့်ဆက်ဆံရေးများတည်ဆောက်ပြီး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးလာစေရေးအတွက် အဆုံးအဖြတ်ပေးနိုင်သည့် စာချုပ်စာတမ်းများကိုလည်း နိုင်ငံတော်နစ်နာမှုမရှိစေရေးအတွက်တာဝန်ယူချုပ်ဆိုနိုင်ခဲ့ကြောင်း၊ မြန်မာ့စွမ်းအင်သမိုင်းကြောင်းကိုသိရှိစေရေးနှင့် ဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ အစီအမံများကို ပြည်သူများသိရှိနားလည်စေခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်ရည်ရွယ်၍ စွမ်းအင်ပြတိုက်ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း။



စွမ်းအင်စီမံကိန်းများသည် ဆယ်စုနှစ်နှင့်ချီ၍ ဆောင်ရွက်ရသည်ဖြစ်ရာ ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကိုလည်း အချိန်ကိုက်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်း အစီအမံများချမှတ်ထားပြီးဖြစ်ရာ စိတ်အားထက်သန်စွာဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ တွေ့ကြုံရင်ဆိုင်ခဲ့ရသည့် အခက်အခဲများကို သင်ခန်းစာရယူပြီး အောင်မြင်သည့်အနာဂတ်ကို ရယူဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၁-၃-၂၀၂၆

| | | | | |
|---|---|---|---|---|
| ပင်လောင်း | ၁ | ဒသမ | ၀၂ | လက်မ |
| ကျိုင်းတုံ | ၀ | ဒသမ | ၇၉ | လက်မ |
| မိုင်းပျဉ်း | ၀ | ဒသမ | ၆၈ | လက်မ |
| ပျဉ်းမနား | ၀ | ဒသမ | ၂၄ | လက်မ |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၀ | ဒသမ | ၂၄ | လက်မ |
| တာချီလိတ် | ၀ | ဒသမ | ၁၇ | လက်မ |
| ကလော | ၀ | ဒသမ | ၁၆ | လက်မ |
| မိုင်းဆတ် | ၀ | ဒသမ | ၁၆ | လက်မ |
| မိုင်းတုံ | ၀ | ဒသမ | ၁၆ | လက်မ |
| တောင်ကြီး | ၀ | ဒသမ | ၁၂ | လက်မ |
| ဟဲဟိုး | ၀ | ဒသမ | ၁၂ | လက်မ |

# မေတ္တာစွမ်းအင်

ခင်လေး
(ပြည်ထောင်စုနယ်မြေ)

❖ **သားတို့ပိုက်ဆံပါသလောက်ဖြည့်လိုက်ရင် နောက်ကစောင့်နေတဲ့ယာဉ်တွေ၊ လုပ်ငန်းဆောင်ရွက်နေတဲ့ကားတွေ၊ ခရီးသည်ယာဉ်တွေ စတဲ့ယာဉ်တွေ အားလုံးကိုဆီလောက်လောက်ငငမရတော့ရင် သတင်းတုံ၊ သတင်းမှား လွှင့်နေတဲ့အဖွဲ့က သားတို့မြန်မာနိုင်ငံမှာစက်သုံးဆီပြဿနာတက်နေပြီလို့ လူမှုကွန်ရက်ကနေတစ်ဆင့် လျှောက်ပြီးရေးကြဦးမယ် . . .**

**အခန်း(၁)**

စွမ်းအင်တဲ့လေ၊ သိပ်လှတဲ့ မြန်မာစကားလေး နှစ်လုံးပါပဲ။ နှစ်လုံးပေါင်းလိုက်မှ ပြည့်စုံလွန်းတဲ့ စကားလေးပါလားလို့ ကျွန်မတွေးနေမိတယ်။ စကားလုံးလေး တစ်လုံးတည်းကျပြန်တော့လည်း အဓိပ္ပာယ်ကမပြည့်စုံသလောက် စွမ်းဆိုတဲ့ စကားလုံးနဲ့ အင်ဆိုတဲ့စကားလုံးလေး ပေါင်းလိုက်တော့လည်း သိပ်ကိုအကျိုးအာနိသင်ရှိတဲ့ စကားလုံးလေးဖြစ်နေပြန်ပါရောလားရှင်။

မီးထွန်းရန်၊ ယာဉ်များသွားလာရန်၊ စက်ကိရိယာများလည်ပတ်ရန် စသည်တို့အတွက်သာမက စားနပ်ရိက္ခာဖူလုံရေး၊ ရေရရှိရေး စသည်တို့အတွက်ပါတိုး၍ လိုအပ်လာနေသော စွမ်းအင်ကိုရယူရာ၌ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့်လိုက်လျောမှုမရှိသည့် ရုပ်ကြွင်းလောင်စာများကသာ ယနေ့ကမ္ဘာ့စွမ်းအင်ကဏ္ဍတွင် နေရာအများဆုံးယူထားဆဲဖြစ်သည်။

"သမီးရေ... တူလေးကျောင်းဆင်းချိန်နီးနေပြီနော်၊ သွားကြိုပေးမယ်ဆို မေ့နေမှာစိုးလို့ သတိပေးတာကွဲ့..." အောက်ထပ်မှ မေမေ့အော်သံကိုကြားရသည်။ ရေးလက်စစာမူကို တစ်ခေါက်ပြန်ဖတ်ကြည့်နေရာမှ ရပ်လိုက်သည်။

"ဟုတ်ကဲ့ မေမေ၊ သမီးသွားကြိုပေးပါ့မယ် ခဏလေးနော်၊ ရေးလက်စစာမူတွေ သေချာသိမ်းလိုက်ဦးမယ် မေမေ" အသံဆုံးသည်နှင့်တစ်ပြိုင်နက် စာရေးစားပွဲမှထရပ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့လိုက်သည်။

အိမ်ကဒရိုင်ဘာ ကိုအောင်မောင်းက ခွင့်တစ်ရက်ယူထားသည်။ သူ့မိသားစုကိစ္စဟုပင် ထင်ပါသည်။ ကျွန်မကိုယ်တိုင်ပင်ကားမောင်းရပေဦးတော့မည်။ အတွေးများလွန်းသောကျွန်မကို ကျွန်မအိမ်က မိသားစုတွေက ကားမမောင်းစေချင်ကြပေ။ ဒီနေ့တော့ မတတ်နိုင်တော့၊ ကျွန်မကိုယ်တိုင်ကားမောင်းမှ ဖြစ်တော့မည်။ မနက်က တူတော်မောင်ကို သူများကားကြုံနှင့် ကျောင်းထည့်ပေးလိုက်ရသည်။ ကျောင်းဆင်းချိန်ကိုတော့ သွားကြိုမှဖြစ်တော့လိမ့်မည်။ မနက်ခင်းကတည်းက သူများကားကြုံနှင့် ကျောင်းသို့လိုက်သွားရခြင်းအတွက် တူတော်မောင့်မျက်နှာ မကြည်မလင်ဖြစ်သွားမှန်းလည်း ကျွန်မ ရိပ်မိလိုက်သည်။ သို့ဖြင့် အိမ်မှကားကို ကိုယ်တိုင်မောင်းပြီး တူလေးတို့ကျောင်းဘက်ဆီကိုဦးတည်ကာ မောင်းထွက်လာခဲ့လိုက်သည်။ အိမ်တွင် ကျန်ခဲ့သူ မိသားစုအားလုံးကဖြင့် ပါးစပ်မပိတ်နိုင်၊ တစ်ယောက်ပြီးတစ်ယောက် တတွတ်တွတ်မှာကြားသတိပေးရင်းသာ ကျန်ခဲ့ကြတော့သည်။

"ခင်လေးရေ... ကားမောင်းနေတုန်း စာရေးဖို့ကိစ္စတွေ၊ ဇာတ်လမ်းတွေမတွေးနေနဲ့နော်၊ အိမ်ရောက်မှတွေး ကြားလား သမီးရေ..." ဆိုတာက တစ်မျိုး။ "ညီမလေးကားမောင်းနေတုန်း နင့်ဇာတ်ကောင်တွေအကြောင်း စိတ်ထဲမှာမစဉ်းစားနေနဲ့၊ ခဏလောက်အာရုံဖြတ်ထားဦးနော် ကြားလား ကောင်မလေး..." ဆိုတာက တစ်ဖုံ။ "ကောင်မလေးနင့်ဝတ္ထုထဲကဇာတ်ကောင်က နင်ဖြစ်သွားဦးမယ်နော်၊ လမ်းကိုဂရုစိုက်မောင်းကြားလား ညီမလေး"လို့ မှာသူက တစ်သွယ်။

"စိတ်ချပါရှင့် ဘာမှမဖြစ်စေရပါဘူး၊ အကောင်းအတိုင်းပြန်လာခဲ့ပါ့မယ်နော်... ဟီး ဟီး..." အဲ့လို နောက်နောက်ပြောင်ပြောင်လေး ပြန်ဖြေရင်း ကားကိုမောင်းထွက်လာခဲ့ပါသည်။ ကားဆီမှတ်ကိုကြည့်လိုက်တော့ ဒီခရီးစဉ်အတွက်တော့ လုံလောက်နေသေးသည်မို့ စက်သုံးဆီဆိုင်ဝင်ရောက်တန်းစီရန် မလိုအပ်သေး။ ဆီဝင်ဖြည့်နေလျှင် တူတော်မောင် နှုတ်ခမ်းစူနေမှာလည်း ကြိုသိနေသည်။ ကျောင်းဆင်းလျှင် အမြဲလိုလို ဗိုက်ဆာနေတတ်သည့်ကလေးက အိမ်သို့သာရောက်ချင်ဇောကပ်နေပေလိမ့်မည်။ ကားလမ်းတွေမပိတ်ပါစေနဲ့ဟုလည်း ဆုတောင်းရသေးသည်။ အလျှင်လိုလျှင် အနှေးဖြစ်တတ်သည့်သဘာဝ။ တစ်ခါတစ်ရံ ကားလမ်းတွေက ပိတ်တတ်သည်။ တစ်ခါကဆိုလည်း ခင်လေးကိုယ်တိုင်ကားမောင်း၍သွားရသည့် ခရီးစဉ်တစ်ခုတွင် ကားလမ်းပိတ်တာမှ တော်တော်လေးကိုကြာသည်။ ဘယ်လောက်ထိကြာသလဲဆို ရေးလက်စစာမူကို စတီရီယာရင်ကိုင်ရင်းက စိတ်နဲ့ဆက်ပြီးရေးကြည့်နေလိုက်တာများ စာမူထဲက ချစ်သူနှစ်ယောက် မိဘသဘောတူ၊ မင်္ဂလာဆောင်၊ ကလေးတွေကိုမွေးတဲ့အထိရောက်ရော။ နောက်မှ ကားက ဟွန်းတတီတီမြည်နေမှ အတွေးစပြတ်သွားခဲ့တော့သည့်အဖြစ်။ အဲ့သလိုမျိုး ဆိုတော့ကာ...။

**အခန်း(၂)**

၁၉၈၀ ပြည့်နှစ်ဝန်းကျင်နောက်ပိုင်း၌ ကက်စပီယမ်ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဈေးကွက်အတွင်း ပိုမိုဝင်ရောက်လာခြင်း စသည့်ဖြစ်ရပ်များ၊ ရေနံကြောအသစ်ရှာဖွေတွေ့ရှိခြင်း စသည်တို့က လူဦးရေနှင့်စွမ်းအင်ပိုမိုလိုအပ်လာချက်ကို တစ်စိတ်တစ်ပိုင်းဖြေရှင်းပေးသည်မှာမှန်သော်လည်း ယင်းအချက်ကြောင့်ပင်သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းနှင့် ကမ္ဘာ့ရာသီဥတုစနစ်ကြီးတစ်ခုလုံးကို ပြောင်းလဲစေမည့် လက္ခဏာများသည် မူလက မသိမသာပေါ်ပေါက်နေခဲ့ရာမှ နောက်ပိုင်းတွင် ကမ္ဘာ့နေရာအများအပြား၌ မြင်သာထင်သာရှိလာခဲ့သည်။

"တီလေး...တီလေး သားခေါ်နေတာကြာလှပြီ၊ ဘာတွေ စဉ်းစားနေတာလဲ..."

"ဩော်...သားလေးပြောလေ၊ဘာမှမစဉ်းစားပါဘူး။ သားကိုလာကြိုတုန်းက စက်သုံးဆီဆိုင်တွေရှေ့မှာ တန်းစီနေတဲ့ယာဉ်တန်းရှည်ကြီးကိုတွေ့ပြီး တီလေးဖတ်ဖူးတဲ့ စာလေးတစ်ပုဒ်ကို သတိရပြီး ပြန်စဉ်းစားနေမိလို့ပါဟယ်၊ ကဲ... ပြော သားကဘာမေးချင်လို့လဲ"

"သားလည်း အဲ့ဒါမေးမလို့၊ အရင်နေ့တွေက အဲ့လိုကြီးမများပါဘူးတီလေးရယ်.."

စက်သုံးဆီဆိုင်ဆိုင်ရှေ့တည့်တည့်ကားဖြတ်မောင်းလာတော့ တူတော်မောင်ထံမှ ကျွန်မအတွက် မေးခွန်းတစ်ပုဒ် ထပ်ထွက်လာပြန်သည်။

"တီလေး... သားတို့ကားရော... ဆီမထည့်ထားသေးဘူးလား၊ မနက်ဖြန်သားကိုမနက်အစောကြီး လိုက်ပို့ရဦးမှာနော် ဆီဖြည့်ထားလိုက်ဦးလေ"

"တို့ကားမှာ ဆီရှိပါသေးတယ်ကွ"

"တီလေးကလည်း ဟိုမှာ သူများတွေ အကြိတ်အနယ်တန်းစီနေကြတာ မတွေ့ဘူးလား၊ နောက်ရက်တွေ ဆီမရမှာစိုးလို့လားမှမသိတာ"

"သားရယ်... တီလေးပြောပြမယ်။ အခုသားလေးဖြစ်နေတဲ့စိတ်မျိုး လူတိုင်းမှာဖြစ်နေကြလို့ ဒီကနေ့ စက်သုံးဆီမလုံလောက်တဲ့ပြဿနာဆိုတာ ဖြစ်နေတာလေ"

"ဘာဆိုင်လို့လဲ တီလေးကလဲ..."


ကျွန်မ၏စကားဆိုလိုရင်းကို သားလေး ကောင်းစွာနားလည်ဟန်မရှိသေးမှန်း သိရှိသော်ငြား ကားကိုသာဂရုစိုက်မောင်းနေရ၍ အကျယ်တဝင့်မရှင်းပြနိုင်သေးပေ။ ကျောင်းဆင်းချိန်ဖြစ်၍ လမ်းပေါ်တွင် ကားများက ကျပ်ညပ်ရှုပ်ထွေးနေသည်။ များလိုက်သည့်ဖြစ်ခြင်း။ ကျောင်းကြို/ပို့ယာဉ်တွေနှင့် အိမ်စီးကားတွေက အထပ်ထပ်ဖြစ်နေသေးသည်။ ကားစီးနိုင်တဲ့လူတန်းစား ပိုများလာတဲ့သဘောဟု သတ်မှတ်ရလေမည်လားမသိ။

"အိမ်ရောက်တော့မှ သားကို တီလေး သေသေချာချာ ရှင်းပြမယ် သားလေးရေ ခု ခဏလေးနော်..." ကားကို တူဝရီးနှစ်ယောက်နှင့်အတူ ကောင်းကောင်းမွန်မွန်ဘေးမသီ ရန်မခ အထိအခိုက်မရှိဘဲ ခြံထဲဝင်လာတာမြင်မှပင် မေမေနှင့်အတူ အိမ်တွင်ကျန်ခဲ့သည့်အဖွဲ့ သက်ပြင်းချနိုင်ကြောင်းပြောရင်း ထွက်ကြိုနေကြလေသည်။

"ဆီထပ်ဖြည့်ခဲ့သေးလား ညီမလေး"

"ဟင့်အင်း.. .မနက်ဖြန်အတွက် ရှိသေးတယ်လေ၊ မနက်ဖြန်ကျောင်းသွားပို့ပြီး အပြန်မှဝင်ဖြည့်ခဲ့မယ်၊ အခု ဆီဆိုင်မှာ လူတွေတန်းစီနေတာ အများကြီးပဲ မြင်ခဲ့တယ်၊ ညီမလေးတို့ကားထဲ ဆီမှမလိုသေးတာ၊ ဆီလိုနေတဲ့ကားတွေ ဖြည့်ပါစေ"

"သားကဖြည့်ပါလို့ပြောတယ်။ တီလေးက မဖြည့်သေးဘူးလို့ပြောတာ..." ဆီဝင်မဖြည့်ခဲ့လို့ တူတော်မောင်က အစာမကြေချင်သေးပေ။ "သားရယ် ကိုယ့်မှာလည်း လုံလောက်နေသေးတယ်ဆိုရင် လောဘမကြီးရဘူးလေ" ကျွန်မ ဒီမျှလောက်သာပဲ ပြောထားလိုက်ပါတယ်။ သားငယ်လေးရဲ့စိတ်ဓာတ်လေးကို ခွန်အားကောင်းတွေဖြည့်ပေးဖို့တော့ လိုအပ်နေပြီ။




**အခန်း(၃)**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စွမ်းအင်ပြဿနာကို ဖြေရှင်းရာ၌ မိမိတို့နိုင်ငံ၏ပကတိအရှိတရားကို အမှန်အတိုင်းသုံးသပ်ရန်လိုအပ်သည်။ ရေနံသည် ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက်ပိုင်းတွင် ကမ္ဘာ့ပထဝီနိုင်ငံရေး၌ ပို၍အရေးပါသောအခန်းသို့ ရောက်ရှိလာခဲ့ပေသည်။ ရေနံသည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးနှင့်လူမှုရေး စသည်တို့တွင် အရေးပါအရာရောက်သော အချက်တစ်ချက်ဖြစ်လာသည်။ လိုအပ်ချက်တိုင်းတွင် အကျိုးသက်ရောက်မှုတို့ရှိသကဲ့သို့ ထိုလိုအပ်ချက်နှင့်အတူ အလေးဂရုပြုရမည့်အချက်များလည်း ရှိပါသည်။ ယင်းမှာ ရေနံသည် ပတ်ဝန်းကျင်လေထုကို ညစ်ညမ်းစေသည်။ ထို့မှမက ရေထုနှင့်မြေထုထဲသို့ ယိုဖိတ်စိမ့်ဝင်ခြင်းဖြင့်လည်း သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည်ဆိုသော အချက်ပင်ဖြစ်သည်။

"တီလေး ဘာလုပ်နေတာလဲ၊ စာရေးနေတာလား၊ စောစောက သားကိုလာခေါ်တယ်ဆိုလို့လေ၊ သားက သွားကစားတော့မလို့၊ မေမေက တီလေးဆီသွားလိုက်ဦး။ တီလေး ခေါ်နေတယ်တဲ့၊ ဟုတ်လား တီလေး သားကို ဘာခိုင်းမလို့လဲ" "သားရဲ့ ဆရာမ ပြန်သွားပြီလား၊

**စာမျက်နှာ ၇ သို့** ❐

**❒ စာမျက်နှာ ၆ မှအဆက်**

စာသင်ပြီးရင်သားနဲ့တီလေး တစ်ခုခု ထွက်စားရအောင်၊ သားကိုစောင့်ရင်းနဲ့ စာမူလေးတစ်ပုဒ်ရေးနေတာပါကွာ၊ ကဲ တို့တူဝရီးနှစ်ယောက် ကြက်ကြော်သွားစားကြမယ်”

“ဟေး... ဒါမှတို့တီလေး...ကွ”

“ဒီနေ့ရုံးတွေကျောင်းတွေ ပိတ်တယ်ဆိုပေမယ့် မြို့ထဲမှာ ကားမောင်းရင်တော့ သတိထားမောင်းနော် တူဝရီးနှစ်ယောက်လုံး ဖြည်းဖြည်းနော်” “ဟုတ်ကဲ့ ဘွားဘွား၊ တီလေးကို ကားမောင်းရင်း အတွေးမလွန်အောင် သားက ဘေးနားကထိုင်ပြီး စကားတွေပြောပေးထားမယ်ဘွားဘွား...” “အောင်မယ် ငါ့မျေး သူကပဲပြောရတယ်ရှိသေး၊ အေးပါ တီလေးကလည်း သားလေးဘေးမှာရှိနေမှ ကားမောင်းရတာ အဆင်ပြေတာသားရဲ့နော်”

နိုင်ငံတိုင်းရဲ့ အနာဂတ်လှပစေဖို့ဆိုရင် အဲ့ဒီနိုင်ငံရဲ့ လူငယ်တွေကောင်းဖို့ တော်ဖို့လိုပါတယ်။ တော်ရုံနဲ့ မရသေးဘူးလေ၊ ကောင်းလည်းကောင်းမှဖြစ်မယ်။ ဘယ်လိုကောင်းရမလဲလို့ တူတော်မောင်က ပြန်မေးလိမ့်မယ် ဆိုတာ ကျွန်မသိတယ်။ ဒီနေ့တော့ ကျွန်မရဲ့ ကိုယ်ပိုင်အချိန်ကို အသုံးချလို့ ကိုယ်ပိုင်ငွေနဲ့ သူစားချင်တာဝယ်ကျွေးပြီးတော့ကို လူငယ်ကောင်းမှ နိုင်ငံကောင်းမှာမို့ လူငယ်တစ်ယောက်ရဲ့ စိတ်ဓာတ်နဲ့အတွေးအခေါ်ကို လမ်းမှန်ပေါ် ဆွဲတင်ဖို့ ကျွန်မတတ်စွမ်းသမျှနှင့် ကြိုးစားကြည့်ချင်မိပါသည်။

“တီလေး သားတို့ ကားဆီဖြည့်ရမှာနော်၊ မေ့နေဦးမယ်၊ တော်ကြာ လမ်းမှာဆီပြတ်သွားရင်တော့ မောပြီနော်”၊ “အမလေးဟယ် မပြတ်ပါဘူး တီလေး သိပါတယ်၊ ကဲရှေ့မှာ စက်သုံးဆီဆိုင်ပါတော်ရယ် တီလေးတို့ ဝင်ထည့်မယ်လေ၊ ကားတွေ ၊ ဆိုင်ကယ်တွေလည်း မနေ့ကလောက်မများဘူး သားရေ အဆင်ပြေလိုက်တာ”

ကျွန်မတို့ကားအလှည့်ရောက်တော့ ပန့်ကိုင်ထားတဲ့ ဝန်ထမ်းက အန်တီဘာဆီထည့်မလဲ ဘယ်လောက်ဖိုးထည့်မလဲလို့ ထုံးစံအတိုင်းမေးပါတယ်။ 92 ထည့်မယ်သား၊ နှစ်သောင်းဖိုး ထည့်မယ်နော်လို့ ကျွန်မက ပြန်ဖြေလိုက်တဲ့အခါ ကျွန်မဘေးမှာထိုင်နေတဲ့ တူတော်မောင်က အလန့်တကြားနဲ့ ထအော်ပါတော့တယ်။

“ဟာ... တီလေးကလည်း ဆီရှိတုန်းများများ ထည့်ထားလေ၊ နောက်တစ်ခါ ဟိုတစ်နေ့ကလို ဆီပြတ်နေလို့ ယာဉ်တစ်စီးကို ငါးထောင်ဖိုးပဲရမယ်တို့၊ တစ်သောင်းဖိုးပဲရောင်းပေးမယ်တို့ဖြစ်နေဦးမယ်နော်”

ကျွန်မကို မကျေနပ်သလိုလို ဟိုတစ်နေ့ကဖြစ်ပွားခဲ့သော စက်သုံးဆီ ပြတ်တောက်မှုဖြစ်စဉ်ကို စိုးရိမ်ထိတ်လန့်နေဟန်ဖြင့်ပြောလိုက်ခြင်းဖြစ်သည်။

“သားရယ်...အမှန်ကလေ၊ ပုံမှန်ဆိုရင်အဲ့ဒီနေ့က စက်သုံးဆီမပြတ်ပါဘူးကွယ်၊ မင်းတို့တွေ သိပ်ကို ယုံကြည်အားကိုးနေကြတဲ့ Online ပေါ်က သတင်းတု၊ သတင်းမှားနဲ့ လုပ်ကြံသတင်းတွေကိုဖတ်ပြီး လျှောက်ပြောနေကြတာပါကွဲ့၊ လိုင်းပေါ်မှာ မဟုတ်တဲ့၊ မမှန်တဲ့သတင်းတွေကို ဖွတဲ့အဖွဲ့ကဖွ ယုံတဲ့အဖွဲ့ကယုံ လိုက်လည်းလိုက်ကြပါတယ်”

“ဘာလို့ဖွတာလဲ တီလေး” “ သားရယ် အဲ့ဒီလိုလူတန်းစားတွေက နိုင်ငံတိုင်းမှာ အနည်းနဲ့အများတော့ရှိကြပါတယ်၊ ဖျက်လိုဖျက်ဆီးလုပ်ချင်တဲ့စိတ် ကိုယ့်အရိပ်ကိုယ်ပြန်နင်းချင်တဲ့စိတ် ရှိသူတွေလို့ပဲ တီလေးကသတ်မှတ်တယ်” ကျွန်မစကားလုံးတိုင်းကို သားလေး သဘောပေါက်ချင်မှပေါက်ပါလိမ့်မည်။ အခုလောလောဆယ်တော့ သားကို ပြောလက်စစကားကို ခဏရပ်ထားလိုက်ပြီး ကားထဲကို ဆီဖြည့်ရန် ဆိုင်ဝန်ထမ်းကလေးမလေးကို “သမီးရေ 92 ၂၀၀၀၀ ဖိုး ထည့်မယ်နော်”ဟု ပြောလိုက်ပါသည်။

“ ဟင်... တီလေးကလည်း ပိုက်ဆံမပါလို့လား ၂၀၀၀၀ ဖိုးတဲ့...” “ဟဲ့လောက်ပြီလေသားရဲ့ ဘာလုပ်ဖို့လဲ၊ ကိုယ့်ကားအတွက် ဒီလောက်များများကြီးလည်း မလိုအပ်တဲ့ အရာတွေကို လောဘဇောမတိုက်ချင်စမ်းပါနဲ့ သားရယ်၊ ဒီစက်သုံးဆီဆိုင်က အမြဲရောင်းပေးနေတဲ့ဟာပဲ”

“တီလေး မှားနေပြီ ဒီဆိုင်က အမြဲမရောင်းနိုင်ဘူး တီလေးရဲ့ ဟိုနေ့တွေက ဆီပြတ်သွားလို့ တန်းစီနေတဲ့ ကားတွေ ၊ ဆိုင်ကယ်တွေမှ ပြန်လှည့်ပြန်သွားကြရတာ အများကြီးပဲလေ၊ တီလေးကလည်း သိရဲ့သားနဲ့ ရောင်းပေးတုန်း ထည့်ထားလိုက်ပါဦးလားလို့”

“လောဘကြီးလိုက်တာ သားရယ်”

အင်း... ဒီပုံစံအတိုင်းဆိုရင်တော့ ကျွန်မရဲ့ တူတော်မောင်လည်း အဆိပ်မိနေပြီပဲ။

သားကတစ်ဆင့် နောက်တစ်ယောက်ကိုအဆိပ်မပျံ့နှံ့စေချင်တော့ပါ။ အဲ့ဒီနေ့က သားကို ကျွန်မ နောက်ထပ်စက်သုံးဆီကိစ္စ ဘာမှထပ်မပြောဘဲ မသိမသာ နေပေးလိုက်ပါတယ်။ သူနှစ်သက်တဲ့ အစားအသောက်တွေနဲ့ အသုံးအဆောင်တွေ ဝယ်ပေးပြီးတော့သာ အိမ်ပြန်လာခဲ့လိုက်ပါတော့တယ်၊

**အခန်း( ၄ )**

တူတော်မောင်ရဲ့ အဆိပ်မိနေတဲ့ အသိဉာဏ်တွေကို သန့်ရှင်းရေးလုပ်တဲ့လုပ်ငန်းထိထိရောက်ရောက် အောင်မြင်တယ်ဆိုတဲ့အကြောင်း ကြွားပါရစေ။ ဒီနေ့ညနေကျောင်းဆင်းချိန် ထုံးစံအတိုင်း စက်သုံးဆီဝင်ဖြည့်ကြတော့ ကျွန်မဘက်ကိုလှည့်ပြီး “တီလေး သားတို့ ကားကို နှစ်သောင်းဖိုးပဲဖြည့်မယ်နော်”

“ဘာလို့လဲ တီလေးမှာ ပိုက်ဆံပါတယ်လေ မင်းဖြည့်ချင်သလောက်ဖြည့်လေ”

“တီလေးကိုယ်ပြောတဲ့စကားကိုယ်မေ့သွားပြီလား၊ ကိုယ်ချင်းစာစိတ်က ကိုယ်ရချင်စိတ်ကို အနိုင်ယူနိုင်မှ လူပီသတယ်ဆို၊ သားတို့ ပိုက်ဆံပါသလောက် ဖြည့်လိုက်ရင်နောက်ကစောင့်နေတဲ့ယာဉ်တွေ၊ လုပ်ငန်းဆောင်ရွက်နေတဲ့ကားတွေ ၊ ခရီးသည်ယာဉ်တွေ စတဲ့ယာဉ်တွေအားလုံးကို ဆီလောက်လောက်ငငမရတော့ရင်သတင်းတု၊သတင်းမှား လွှင့်နေတဲ့အဖွဲ့က သားတို့ မြန်မာနိုင်ငံမှာ စက်သုံးဆီပြဿနာတက်နေပြီလို့ လူမှုကွန်ရက်ကနေတစ်ဆင့် လျှောက်ပြီးရေးကြဦးမယ်။ ကျောင်းမှာလည်း သားကသူငယ်ချင်းတွေကို တီလေးပြောပြသလို ပြောပြလိုက်တော့ သူတို့ကလက်ခံတယ် တီလေးရဲ့၊ သားတို့ နေ့တိုင်းလိုသလောက်ပဲ ဖြည့်ရအောင်နော်၊ သူများတွေလည်း အဆင်ပြေအောင်လို့လေ” ကျွန်မရဲ့တူတော်မောင်ကတော့ လူပီသတဲ့ လူသားလေးတစ်ယောက်၊ မေတ္တာစွမ်းအင်အားကောင်းတဲ့ လူသားလေးတစ်ယောက်ဖြစ်လို့နေပါပြီရှင်။

လူတိုင်းမှာသာ မေတ္တာစွမ်းအင် လုံလုံလောက်လောက်ရှိကြမယ်ဆိုရင် ဘယ်လိုအသုံးဝင်ပစ္စည်းမျိုးမှ မရှားပါးနိုင်ဘူးလို့ ပြောချင်တာပါ။ ကျွန်မတို့ပတ်ဝန်းကျင်မှာ ရှားပါးနေတဲ့စွမ်းအင်က စက်သုံးဆီစွမ်းအင်မဟုတ်ပါဘူး၊ မေတ္တာစွမ်းအင်ရှားနေလို့ပါ။ တကယ်တော့ စက်သုံးဆီစွမ်းအင်က မရှားပါးပါဘူး။ ရှားပါးပြီးလိုအပ်နေတာက မေတ္တာစွမ်းအင်ပါလို့ပဲ ကျွန်မယုံကြည်နေမိပါတော့တယ်ရှင်။ ။

# ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများ စတင်ဖြေဆို



ရန်ကုန် မတ် ၁၁

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့နံနက် ၉ နာရီမှ စတင်၍ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် စာဖြေကျောင်းသား၊ ကျောင်းသူ ၄၇၂၉၁ ဦး ဖြေဆိုခဲ့ပြီး သက်ဆိုင်ရာ စာစစ်ဌာနများအလိုက် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုခဲ့ကြသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် စတင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာန ၁၀၇ ခု ဖွင့်လှစ်ထားပြီး ယနေ့ မြန်မာစာဘာသာဖြေဆိုသူ ကျောင်းသား ၂၀၈၁၁ ဦး၊ ကျောင်းသူ ၂၆၀၇၈ ဦး စုစုပေါင်း ၄၆၈၈၉ ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပရာ၌ မတ်လ ၁၁ ရက်တွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုပြီး မတ်လ ၁၂ ရက်တွင် အင်္ဂလိပ်စာဘာသာရပ်၊ မတ်လ ၁၃ ရက်တွင် သင်္ချာဘာသာရပ်၊ မတ်လ ၁၄ ရက်တွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်၊ မတ်လ ၁၅ ရက်တွင် ဖြေဆိုမှုရပ်နားမည်ဖြစ်ကာ မတ်လ ၁၆ ရက်တွင်ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်၊ မတ်လ ၁၇ ရက်တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဖြေဆိုမည်ဖြစ်သည်။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအတွက် မတ်လ ၁၈ ရက်တွင် စက်မှုအတတ်ပညာဘာသာရပ်ကို ဖြေဆိုသွားမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော ကျောင်းသား၊ ကျောင်းသူ (လူနာ) များအတွက်လည်း ဆေးရုံဖြေစာစစ်ဌာနများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ကျင်းပနေသည့် ကာလအတွင်း ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စာမေးပွဲတာဝန်ရှိသူများ၊ ကျောင်းသားမိဘပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မော်တော်ယာဉ်အသုံးပြုခွင့်ဆိုင်ရာ အစီအမံများဖြစ်သည့် “စာမေးပွဲတာဝန်” သို့မဟုတ် "Car Pass" ကတ်ပြားများကို ကားရှေ့မှန်တွင်ကပ်၍ အသုံးပြုခွင့်ပြုခြင်း၊ စာမေးပွဲတာဝန်ခံယာဉ်များနှင့် ကျောင်းသား ကြို၊ ပို့ယာဉ်များကို စုံ/မအက္ခရာ ခွဲခြားခြင်းမရှိဘဲ သွားလာခွင့်ပြုခြင်း၊ ပြင်ပဖြေကျောင်းသားများအနေဖြင့် မိမိတို့၏ “စာမေးပွဲဖြေဆိုခွင့်ကတ်ပြား” ပြသ၍ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များမောင်းနှင်ခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက် ပေးလျက်ရှိသည်။

၂၀၂၅- ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသူ နှစ်သိန်းခြောက်သောင်းကျော်ရှိကြောင်း ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

**သတင်း- ညိမ်းသူ(သတင်းစဉ်)/သီဟ**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မတ် ၁၁

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင်မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ**
**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ဥပဒေအမှတ် ၁၆/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အောက်ပါကျူးလွန်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သော ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်–

(က) မည်သူမဆို နိုင်ငံတော်အတွင်း ကျူးလွန်မှု၊

(ခ) မည်သူမဆို နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်မှု၊

(ဂ) မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင်ကိုင်ဆောင်ထားသူကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူကဖြစ်စေ ပြည်ပတွင် ကျူးလွန်မှု။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကိုဆိုသည်။

(ဂ) **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့** ဆိုသည်မှာ သတင်းပို့ချက်များအား လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းအပါအဝင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ဗဟိုအဖွဲ့ကဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့ကိုဆိုသည်။

(ဃ) **ဥပဒေစိုးမိုးရေးအဖွဲ့အစည်း** (Law Enforcement Agency–LEA) ဆိုသည်မှာ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ယင်းပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ ချိပ်ပိတ်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းလုပ်ငန်းကို သက်ဆိုင်ရာဥပဒေအရ ဆောင်ရွက်ပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းကိုဆိုသည်။

(င) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထဲရေးဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်တာဝန်ပေးအပ်သည့် သက်ဆိုင်ရာတပ်ဖွဲ့နှင့် ဦးစီးဌာနမှ စုံစမ်းစစ်ဆေးရေးအရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့လည်းပါဝင်သည်။

(စ) **သတင်းပို့အဖွဲ့အစည်း** ဆိုသည်မှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း (Designated Non–Financial Businesses and Professions–DNFBPs)ကို ဆိုသည်။ ယင်းစကားရပ်တွင် ဗဟိုအဖွဲ့ကအခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတင်းပို့ရန်သတ်မှတ်တာဝန်ပေးခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းလည်းပါဝင်သည်။

(ဆ) **သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း** (Designated Non–Financial Businesses and Professions–DNFBPs) ဆိုသည်မှာ အောက်ပါလုပ်ငန်းများကိုဆိုသည် –

(၁) ကာစီနို၊

(၂) အိမ်ခြံမြေအကျိုးဆောင်၊

(၃) အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာရောင်းဝယ်ခြင်း၊

(၄) ဆက်သွယ်ဆောင်ရွက်သူ၏ ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှု၊ လက်ခံမှု၊ အပ်နှံမှုများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးသော သို့မဟုတ် ဆောင်ရွက်ရန်ပြင်ဆင်ပေးသော ရှေ့နေ၊ နိုတြီပဗ္ဗလစ်နှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ သို့မဟုတ် စာရင်းကိုင်များ–

(ကက) မရွှေ့မပြောင်းနိုင်သော ပစ္စည်းရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခခ) ငွေကြေးများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားပိုင်ဆိုင်သည့် ပစ္စည်းများကို စီမံခန့်ခွဲခြင်း၊

(ဂဂ) ဘဏ်စာရင်းများ၊ စုငွေစာရင်းများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်စာရင်းများကို စီမံခန့်ခွဲခြင်း၊

(ဃဃ) ကုမ္ပဏီအဖွဲ့အစည်းများထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲမှုများအတွက် အထောက်အကူပြုဆောင်ရွက်ချက်များကို စုရုံးစီစဉ်ခြင်း၊

(ငင) ကုမ္ပဏီအဖွဲ့အစည်းများ သို့မဟုတ် အစီအစဉ်များထူထောင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်း။

(၅) အောက်ပါယုံမှတ်အပ်နှံမှု သို့မဟုတ် ကုမ္ပဏီလုပ်ငန်းကို ဝန်ဆောင်မှုပေးခြင်း–

(ကက) ကုမ္ပဏီအဖွဲ့အစည်းများ ဖွဲ့စည်းရေးဆိုင်ရာ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခြင်း၊

(ခခ) ကုမ္ပဏီတစ်ခု၏ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးအဖြစ်သော်လည်းကောင်း၊ အစုစပ်လုပ်ကိုင်သူ သို့မဟုတ် အခြားကုမ္ပဏီအဖွဲ့အစည်းတစ်ခု သို့မဟုတ် အစီအစဉ်တစ်ခုတွင် ယင်းအဆင့်နှင့်တူညီသောသူအဖြစ်သော်လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဂဂ) ကုမ္ပဏီတစ်ခု သို့မဟုတ် အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားသော ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် အစီအစဉ်တစ်ခုအတွက် မှတ်ပုံတင်ရုံး သို့မဟုတ် နေရာထိုင်ခင်း သို့မဟုတ် လုပ်ငန်းလိပ်စာ သို့မဟုတ် စာပေးစာယူ သို့မဟုတ် အုပ်ချုပ်မှုလိပ်စာတို့ကို တာဝန်ယူပေးခြင်း။

(၆) ယုံမှတ်အပ်နှံမှုလုပ်ငန်းတစ်ခုတွင် ယုံကြည်အပ်နှံခံရသူအဖြစ်ဆောင်ရွက်ခြင်း သို့မဟုတ် အသင်းအဖွဲ့တစ်ခုခု သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုတစ်ခုခုတွင် ယင်းလုပ်ငန်းတာဝန်နှင့် တူညီစွာဆောင်ရွက်ခြင်း၊

(၇) သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ်ဆောင်ရွက်ခြင်း သို့မဟုတ် သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ် အခြားသူတစ်ဦးဦးက ဆောင်ရွက်ပေးစေရန်စီစဉ်ခြင်း။

(ဇ) **ကြီးကြပ်ရေးအာဏာပိုင်** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုကို တိုက်ဖျက်ရေးတာဝန်ဝတ္တရားများအား လိုက်နာဆောင်ရွက်စေရေးအတွက် သတင်းပို့အဖွဲ့အစည်းများအား ကြီးကြပ်ရန်ဗဟိုအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူကိုဆိုသည်။

(ဈ) **ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့် အခြားသက်ဆိုင်သောဥပဒေများအရ တည်ထောင်ထားသော ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးဦးအတွက်ဖြစ်စေ သို့မဟုတ် ၎င်း၏ကိုယ်စား အောက်ပါဆောင်ရွက်မှုတစ်ခုမဟုတ် တစ်ခုထက်ပိုသော ဆောင်ရွက်မှုများကိုဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့်ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်၊ ငွေစုငွေချေးအသင်း၊ ငွေရေးကြေးရေးကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေးကုမ္ပဏီ၊ နိုင်ငံခြားငွေဝယ်ယူရောင်းချလဲလှယ်ရေးကောင်တာ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်း၊ အာမခံကုမ္ပဏီနှင့်အခြားအဖွဲ့အစည်းများလည်း ပါဝင်သည်–

(၁) ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများထံမှ အပ်ငွေများနှင့် ပြန်လည်ပေးအပ်ရမည့်ရန်ပုံငွေများလက်ခံခြင်း၊

(၂) ပစ္စည်းသိမ်းဆည်းခြင်းအပါအဝင် ကူးသန်းရောင်းဝယ်ရေးဆောင်ရွက်ချက်များအတွက် ငွေကြေးဖြည့်ဆည်းပေးခြင်း၊ စားသုံးသူချေးငွေ၊ အပေါင်ဖြင့်ချေးငွေများ အပါအဝင် ငွေထုတ်ချေးခြင်း၊

(၃) စားသုံးသူဆိုင်ရာ ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် အစီအစဉ်များမှတစ်ပါး ငွေချေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာအခွင့်အရေးကို ငှားရမ်းခြင်း၊

(၄) ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ်ကိုလွှဲပြောင်းပေးခြင်း၊

(၅) အကြွေးဝယ်ကတ်နှင့် မြီစားကတ်များ၊ ခရီးသွားချက်လက်မှတ်၊ ငွေပေးအမိန့်များ၊ ဘဏ်ငွေလွှဲလက်မှတ်၊ အီလက်ထရောနစ်နည်းလမ်းများဖြင့် ငွေပေးချေခြင်း၊ ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၆) ငွေရေးကြေးရေးဆိုင်ရာ အာမခံနှင့်ကတိစာချုပ်များ ထုတ်ဝေခြင်း၊

(၇) အောက်ပါငွေရေးကြေးရေး စာချုပ်စာတမ်းများ ရောင်းဝယ်ခြင်း–

(ကက) ချက်လက်မှတ်များ၊ ငွေပေးအမိန့်လက်မှတ်များ၊ အပ်ငွေလက်မှတ်များနှင့် ဆင့်ပွားစာချုပ်စာတမ်းများ၊ နိုင်ငံခြားသုံးငွေ၊ အတိုးနှုန်းနှင့် စျေးနှုန်းညွှန်းကိန်းစာချုပ်စာတမ်းများ၊ လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များအပါအဝင် ငွေကြေးစျေးကွက်စာချုပ်စာတမ်းများအား ရောင်းဝယ်ခြင်း၊

(ခခ) ကုန်စည်များကို အနာဂတ်ကာလအတွက် မျှော်မှန်းရောင်းဝယ်ခြင်း။

(၈) ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရာတွင် ပါဝင်ခြင်းနှင့်အဆိုပါကိစ္စရပ်များတွင် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊

(၉) ရင်းနှီးမြှုပ်နှံမှုတစ်ခုချင်းကိုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုအားလုံးကိုဖြစ်စေ စီမံခန့်ခွဲခြင်း၊

(၁၀) အာမခံသေတ္တာများလက်ခံထိန်းသိမ်းခြင်းနှင့် အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ငွေဖြစ်လွယ်သော ငွေချေးသက်သေခံလက်မှတ်များစီမံခန့်ခွဲပေးခြင်း၊

စာမျက်နှာ ၉ သို့ ▲

▲ **စာမျက်နှာ ၈ မှအဆက်**

(၁၁)အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ဘဏ္ဍာရန်ပုံငွေများစီမံခန့်ခွဲခြင်း သို့မဟုတ် စီမံအုပ်ချုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊

(၁၂) ကိုယ်စားလှယ်များနှင့် တစ်ဆင့်ကြားခံဆောင်ရွက်ပေးသူများက အာမခံလုပ်ငန်းကြားခံဝန်ဆောင်မှုပေးခြင်းအပါအဝင် အခြားရင်းနှီးမြှုပ်နှံမှုနှင့်ဆက်သွယ်နေသည့် အာမခံလုပ်ငန်း၊ အသက်နှင့်အထွေထွေ အာမခံလုပ်ငန်းဆောင်ရွက်ပေးခြင်း။

(၁၃)ငွေကြေးနှင့်ငွေများလဲလှယ်ဆောင်ရွက်ခြင်း၊

( ည ) **ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်** ဆိုသည်မှာ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေရရှိသည့် ငွေကြေးနှင့်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ ငွေကြေးနှင့် ပစ္စည်းကိုအခြေပြု၍ အခြားသောပစ္စည်း သို့မဟုတ် စီးပွားရေးလုပ်ငန်းအဖြစ် အဆင့်ဆင့်လွှဲပြောင်းထားသည့် သို့မဟုတ် ပြောင်းလဲထားသည့် ငွေကြေး သို့မဟုတ် ပစ္စည်းလည်းပါဝင်သည်။

( ဋ ) **သဏ္ဍာန်ဆောင်ဘဏ်** ဆိုသည်မှာ နိုင်ငံအတွင်းတရားဝင်စီးပွားရေးလုပ်ငန်းအဖွဲ့တည်ထောင်ထားပြီး လိုင်စင်ရယူထားခြင်း သို့မဟုတ် အခြေစိုက်ထားခြင်းဖြစ်သော်လည်း ရုပ်ဒြပ်အရ တည်ရှိနေခြင်းမရှိသည့်အပြင် ထိရောက်ခိုင်မာစွာ ကြီးကြပ်မှုခံရသော ငွေရေးကြေးရေးအုပ်စုတစ်ခုနှင့် ပေါင်းစည်းထားခြင်းမရှိသည့်ဘဏ်ကိုဆိုသည်။

**ရှင်းလင်းချက်။ ရုပ်ဒြပ်အရတည်ရှိခြင်း** ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွင်း စနစ်တကျရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းတည်ထောင်ထားခြင်းနှင့် စီမံခန့်ခွဲခြင်းကိုဆိုသည်။

( ဌ ) **ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း** (Legal Person) ဆိုသည်မှာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းသော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်အမြဲတမ်းဆက်သွယ်ဆောင်ရွက်သည့် လုပ်ငန်းထူထောင်ထားရှိသော အဖွဲ့အစည်း သို့မဟုတ် ငွေကြေး၊ ပစ္စည်းပိုင်ဆိုင်သောအဖွဲ့အစည်းတစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ၊ ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့နှင့်အခြားအလားတူ အသင်းအဖွဲ့များလည်းပါဝင်သည်။

( ဍ ) **ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု** (Leogal Arrangement ) ဆိုသည်မှာ တစ်ဦးတစ်ယောက်၏ပိုင်ဆိုင်မှုအခွင့်အရေး၊ အကျိုးခံစားခွင့်နှင့်တာဝန်တို့ကို ထိုသူ၏ယုံကြည်အပ်နှံမှုဖြင့် တာဝန်ယူဆောင်ရွက်သည့် ယုံမှတ်အပ်နှံမှုလုပ်ငန်းများ သို့မဟုတ် အခြားအလားတူ ဥပဒေရေးရာစီမံဆောင်ရွက်မှုများကိုဆိုသည်။ ယင်းစကားရပ်တွင် ဝါကပ်ဖ် (Wakf)၊ အများအကျိုးနှင့်ဘာသာရေးအရ ယုံကြည်အပ်နှံမှုလုပ်ငန်းများ (Charitable and Religious Trusts) တို့လည်း ပါဝင်သည်။

( ဎ ) **အကျိုးခံစားခွင့်ရှိသူပိုင်ရှင်** (Beneficial owner) ဆိုသည်မှာ မူရင်းပိုင်ဆိုင်သူ၊ ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအား ထိန်းချုပ်သူ သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုခုကို မိမိကိုယ်စားအခြားသူတစ်ဦးက ဆောင်ရွက်စေသူတစ်ဦးဦးကိုဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ဆောင်ရွက်မှု သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုကို ထိရောက်သောထိန်းချုပ်မှုပြုသည့်သူ သို့မဟုတ် သွယ်ဝိုက်၍ ပိုင်ဆိုင်မှုကွင်းဆက်အဆင့်ဆင့်ထိန်းချုပ်သူလည်းပါဝင်သည်။

(ဏ) **ဆက်သွယ်ဆောင်ရွက်သူ** ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုပြုသူ သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုပြုသူကိုဆိုသည်။

(တ) **ပြည်တွင်းတွင် ဩဇာတိက္ကမရှိသူ** (Domestic Politically Exposed Person-Domestic PEP) ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ အများပြည်သူဆိုင်ရာလုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကိုလည်းကောင်း၊ ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်းကောင်း ဆိုသည်။

(ထ) **ပြည်ပတွင် ဩဇာတိက္ကမရှိသူ** (Foreign Politically Exposed Person-Foreign PEP) ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၌ အများပြည်သူဆိုင်ရာလုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကိုလည်းကောင်း၊ ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်းကောင်း ဆိုသည်။

(ဒ) **အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများဆောင်ရွက်သည့် ဒါရိုက်တာ၊ ဒုတိယဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် အဆင့်မြင့်အဖွဲ့ဝင်ဖြစ်သူ၊ အလားတူ လုပ်ငန်းများတွင် ယင်းအဆင့်နှင့် ညီမျှသောအဖွဲ့ဝင်ဖြစ်သူ သို့မဟုတ် ယင်းလုပ်ငန်းဆောင်ရွက်ရန် ယုံကြည်ခြင်းခံရသူနှင့် ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူတို့ကိုဆိုသည်။

(ဓ) **ငွေကြေးခဝါချမှု**ဆိုသည်မှာ အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကျူးလွန်ခြင်းကို ဆိုသည်-

(၁) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်သည်ဟု သိလျက်နှင့်ဖြစ်စေ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းငွေကြေး သို့မဟုတ် ပစ္စည်း၏ ဇာစ်မြစ်ကို အသွင်သဏ္ဍာန်ပြောင်းလဲရန် သို့မဟုတ် ဖုံးကွယ်ရန်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပါဝင်သူတစ်ဦးတစ်ယောက်အား ယင်း၏ ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ အရေးယူခံရခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် ပြစ်မှုမကျူးလွန်မီဖြစ်စေ၊ ပြစ်မှုကျူးလွန်ပြီးနောက်ဖြစ်စေ အကူအညီပေးရန်သော်လည်းကောင်း ရည်ရွယ်ချက်ဖြင့် ယင်းငွေကြေးနှင့်ပစ္စည်းကို အသွင်သဏ္ဍာန်ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(၂) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ မူလသဘာဝ၊ ဇာစ်မြစ်၊ တည်နေရာနှင့် ပင်ကိုစရိုက်လက္ခဏာတို့ကို ပြောင်းလဲမှုသော်လည်းကောင်း၊ ယင်းငွေကြေးနှင့်ပစ္စည်းတို့ကို ပိုင်ဆိုင်မှု သို့မဟုတ် အခွင့်အရေးတို့အား ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်သဏ္ဍာန် ပြောင်းလဲခြင်းသော်လည်းကောင်းပြုခြင်း၊

(၃) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်ကြောင်း မိမိလက်ဝယ် လက်ခံရရှိသည့်အချိန်တွင် သိလျက်နှင့်ဖြစ်စေ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေကြေးနှင့်ပစ္စည်းကို ရယူခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(၄) ပုဒ်မခွဲငယ်(၁)မှ ပုဒ်မခွဲငယ်(၃)အထိပါရှိသော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်ခြင်းဆိုင်ရာ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်း။

(န) **ငွေကြေး**ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုက ထုတ်ဝေထားပြီး တရားဝင်လဲလှယ်အသုံးပြုနိုင်သည့် ငွေဒင်္ဂါး၊ ငွေအကြွေနှင့် ငွေစက္ကူ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းဖြစ်သည့် ငွေပေးကတိစာချုပ်၊ ငွေလွှဲလက်မှတ်၊ ချက်လက်မှတ်၊ ငွေချေးစာချုပ်၊ ငွေတိုက်စာချုပ်၊ ကြွေးမြီအာမခံစာချုပ်၊ နိုင်ငံခြားသုံးငွေများ၊ ယင်းငွေများနှင့်ဆက်စပ်နေသော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုက အီလက်ထရောနစ်နည်းလမ်းဖြင့် တရားဝင်ထုတ်ဝေအသုံးပြုလျက်ရှိပြီး ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများတွင် အသုံးပြုလျက်ရှိသည့် ဒီဂျစ်တယ်ငွေကြေးကိုဆိုသည်။

( ပ ) **ပစ္စည်း**ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို တည်ရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပိုင်ဆိုင်ကြောင်း သက်သေထင်ရှားပြသည့် တရားဝင်စာတမ်းအမှတ်အသား သို့မဟုတ် စာချုပ်စာတမ်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းမှ ဆင့်ပွားပေါ်ပေါက်လာသော အကျိုးအမြတ်များလည်း ပါဝင်သည်။

( ဖ ) **ဗာကျူရယ်အက်ဆက်** (Virtual Asset) ဆိုသည်မှာ တန်ဖိုးကို ဒီဂျစ်တယ်ပုံစံဖြင့် ကိုယ်စားပြုထားပြီး ကူးသန်းရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်း၊ ငွေပေးချေခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတို့တွင် အသုံးပြုနိုင်သည့်ပစ္စည်းကို ဆိုသည်။ အဆိုပါဗာကျူရယ်အက်ဆက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကထုတ်ဝေထားသည့် ငွေကြေး၊ အာမခံလက်မှတ်နှင့် အခြားငွေကြေးဆိုင်ရာပစ္စည်းများမပါဝင်။

( ဗ ) **လွှဲပြောင်းနိုင်သောစာချုပ်စာတမ်း** ဆိုသည်မှာ ခရီးသွားချက်လက်မှတ်၊ ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သောပုံစံဖြင့်ရှိသည်ဖြစ်စေ၊ ကန့်သတ်ချက်မထားရှိဘဲ မှန်ကန်ကြောင်း ထောက်ခံချက်ပေးထားသည်ဖြစ်စေ၊ ဖန်တီးထားသော ငွေလက်ခံသူအမည်ဖြည့်စွက်၍ဖြစ်စေ၊ လွှဲပြောင်းပေးအပ်ရန် အကျုံးဝင်သည့် အခြားပုံစံဖြင့်ဖြစ်စေ ရှိသည့်ချက်လက်မှတ်၊ ငွေပေးကတိစာချုပ်၊ ငွေလွှဲစာချုပ်နှင့် ငွေပေးအမိန့်အပါအဝင် လွှဲပြောင်းနိုင်သော ငွေရေးကြေးရေးဆိုင်ရာစာချုပ်စာတမ်းများကိုဆိုသည်။ ယင်းစကားရပ်တွင် လက်မှတ်ရေးထိုးထားသော်လည်း ငွေပေးချေမှုကို လက်ခံမည့်သူ၏ အမည်ကို ဖော်ပြထားခြင်းမရှိသော ချက်လက်မှတ်၊ ငွေပေးကတိစာချုပ်၊ ငွေလွှဲစာချုပ်နှင့် ငွေပေးအမိန့်အပါအဝင်ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် စာချုပ်စာတမ်းကဲ့သို့သော လွှဲပြောင်းနိုင်သည့်ပုံစံဖြင့်ရှိသည့် ငွေရေးကြေးရေးဆိုင်ရာ စာချုပ်စာတမ်းများပါဝင်သည်။

(ဘ) **အသုံးပြုပစ္စည်း** ဆိုသည်မှာ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုရန်ရည်ရွယ်သည့် ပစ္စည်းကိုဆိုသည်။

( မ ) **ငွေစာရင်း** (Account) ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းတစ်ရပ်ရပ်၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် ဆက်သွယ်ဆောင်ရွက်သူနှင့် သတင်းပို့အဖွဲ့အစည်းအကြား ထူထောင်ထားရှိသည့် စီးပွားဆက်ဆံဆောင်ရွက်မှုကိုဆိုသည်။ ယင်းစကားရပ်တွင် တတိယပုဂ္ဂိုလ် သို့မဟုတ် တတိယကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့ကိုယ်စား စီးပွားဆက်ဆံဆောင်ရွက်မှုများအတွက် တိုက်ရိုက်ဆက်သွယ်၍ ပေးချေမှုကိုအသုံးပြုသည့် တစ်ဆင့်လက်ခံဘဏ်ငွေစာရင်းလည်း ပါဝင်သည်။

(ယ) **ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း** (Customer Due Diligence-CDD)ဆိုသည်မှာ ဤဥပဒေအခန်း ၉ တွင် ဖော်ပြထားသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ရန် ဆောင်ရွက်ရမည့်အချက်ကို ဆိုသည်။

( ရ ) **ထိန်းချုပ်ဖော်ထုတ်ခြင်း**(Controlled Delivery)ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသော နိုင်ငံအတွင်း၌ဖြစ်စေ၊ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံတစ်ခုခုကို ဖြတ်သန်း၍ဖြစ်စေ ဝင်ရောက်ခြင်း၊ ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်းပြုစဉ် သက်သေခံပစ္စည်းများကိုတင်သွင်းခြင်း၊ တင်ပို့ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းပြုကြောင်း စစ်ဆေးတွေ့ရှိသည့်အခါဖြစ်စေ၊ သံသယဖြစ်ဖွယ်တွေ့ရှိသည့်အခါဖြစ်စေ၊ ခိုင်လုံသောသတင်းရရှိသည့်အခါဖြစ်စေ အဓိကပြစ်မှုကျူးလွန်သူကို ဖော်ထုတ်အရေးယူရန် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ကြီးကြပ်မှုအောက်တွင် ထိန်းချုပ်စောင့်ကြည့်ဖော်ထုတ်သည့် နည်းလမ်းကိုဆိုသည်။

**စာမျက်နှာ ၁၀ သို့** ▲

▲ စာမျက်နှာ ၉ မှအဆက်

(လ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်လက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ နောက်ဆက်တွဲပရိုတိုကောလ်များနှင့်ဒေသဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသတွင်း သဘောတူစာချုပ်များ၊ နှစ်နိုင်ငံစာချုပ်များ၏အဖွဲ့ဝင်အဖြစ် လက်ခံထားသော နိုင်ငံအသီးသီးကိုဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာအရေးယူနိုင်ရန်နှင့်ဆင့်ပွားပေါ်ပေါက်နိုင်သည့် ပြစ်မှုများကို ကာကွယ်ဟန့်တားရန်၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့မှတစ်ဆင့် နိုင်ငံတော်၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်၊

(ဂ) နိုင်ငံတော်ကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆောင်ရွက်ရန်၊

(ဃ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့် မူလပြစ်မှုများတိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ခြင်း ဆောင်ရွက်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာချမှတ်ရန်။

**အခန်း(၃)**

**ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများ**

၅။ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များကို ငွေကြေးခဝါချမှုပြုလုပ်ခြင်းသည် ဤဥပဒေနှင့်သက်ဆိုင်စေရမည်-

(က) နိုင်ငံဖြတ်ကျော်၍ ဂိုဏ်းအုပ်စုဖြင့်ဂိုဏ်းဖွဲ့ကျူးလွန်မှု၊ ရာဇဝတ်ဂိုဏ်းများတွင်ပါဝင်မှု၊ ဒုစရိုက်လုပ်ငန်းများဖြင့်အသက်မွေးဝမ်းကျောင်းမှု၊

(ခ) အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုအပါအဝင် အကြမ်းဖက်မှု၊

(ဂ) လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှု၊

(ဃ) ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု၊

(င) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ကုန်ကူးမှု၊

(စ) လက်နက်များတရားမဝင်ကုန်ကူးမှုများ၊

(ဆ) ခိုးရာပါပစ္စည်းနှင့်အခြားသော ကုန်စည်များတရားမဝင် ကုန်ကူးမှု၊

(ဇ) အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု၊

(ဈ) လိမ်လည်မှု၊

(ည) ငွေကြေးအတုပြုလုပ်မှု၊

(ဋ) ကုန်ပစ္စည်းအတုပြုလုပ်မှုနှင့် မူပိုင်ခွင့်ချိုးဖောက်မှု၊

(ဌ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာသည့်ပြစ်မှုများ၊

(ဍ) လူသတ်မှု၊ လူ့ခန္ဓာကိုယ်ကို အပြင်းအထန်နာကျင်စေမှု၊

(ဎ) ပြန်ပေးဆွဲမှု၊ မတရားဖမ်းဆီးချုပ်နှောင်မှုနှင့်ဓားစာခံဖမ်းဆီးမှု၊

(ဏ) ဓားပြမှု သို့မဟုတ် ခိုးမှု၊

(တ) အကောက်ခွန်၊ ယစ်မျိုးနှင့်အခွန်များဆိုင်ရာအပါအဝင် မှောင်ခိုမှုများ၊

(ထ) အခွန်ဆိုင်ရာပြစ်မှုများ(တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန်များ အပါအဝင်)၊

(ဒ) ခြောက်လှန့်တောင်းယူမှု၊

(ဓ) လိမ်လည်အတုပြုလုပ်မှု၊

(န) ပင်လယ်ဓားပြမှု၊

(ပ) သတင်းအချက်ကို ဦးစွာသိရှိနိုင်သူက မိမိသိရှိသည့်သတင်းအချက်အလက်ကို အသုံးပြု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းသတင်းအချက်အလက်ကို သူတစ်ပါးအား ပေးအပ်၍ဖြစ်စေ တရားမဝင်အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းနှင့် ဈေးကွက်ထိန်းချုပ်ရန် ပြုလုပ်ခြင်းဆိုင်ရာပြစ်မှုများ၊

(ဖ) ဆိုက်ဘာမှုခင်း၊

(ဗ) လောင်းကစားမှု၊

(ဘ) ထိန်းချုပ်ဓာတုပစ္စည်းများနှင့်သက်ဆိုင်သည့်ပြစ်မှုများ၊

(မ) နိုင်ငံတော်၏တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အနည်းဆုံး ထောင်ဒဏ် ခြောက်လနှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုများ၊

(ယ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများဖြစ်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့်ပြစ်မှုများ။

**အခန်း(၄)**

**ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် သင့်လျော်သော နိုင်ငံသားများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဗဟိုအဖွဲ့ကိုဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ) တို့အရ ဖွဲ့စည်းသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ယင်းမူဝါဒနှင့်အညီ ပြည်တွင်းရှိသက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ဆောင်ရွက်ခြင်း၊

(င) ဗာကျူရယ်အက်ဆက် ဆောင်ရွက်ချက်များနှင့် ဗာကျူရယ်အက်ဆက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် ပရဟိတ အဖွဲ့အစည်း သို့မဟုတ် အကျိုးအမြတ်မယူသော အဖွဲ့အစည်း (Non–Profit Organization–NPO) အပါအဝင် ကဏ္ဍအလိုက် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ဆောင်ရွက်ခြင်း ဆောင်ရွက်နိုင်ရန် အစီအမံများချမှတ်ခြင်း၊

(စ) ပုဒ်မခွဲ (ဃ)နှင့် ပုဒ်မခွဲ (င)တို့အရ ဆောင်ရွက်သည့် အကဲဖြတ်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ဖော်ထုတ်အကဲဖြတ်မှု၏ နောက်ဆုံးရလဒ်များကို ထိန်းသိမ်းခြင်း၊ သင့်လျော်သည့်သတင်းအချက်အလက်များကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းအား ဖြန့်ဝေခြင်း၊

(ဆ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ သတင်းပို့အဖွဲ့အစည်းအား အန္တရာယ်အခြေပြုချဉ်းကပ်ခြင်းနည်းလမ်းများ အသုံးပြုလျက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ် တစ်ရပ်လုံးကို ထိရောက်စွာ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဇ) ငွေကြေးခဝါချရန်အလို့ငှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုနိုင်စေရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများအား လမ်းညွှန်ခြင်းနှင့် စိစစ်ခြင်း၊

(ဈ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် သတင်းပို့အဖွဲ့အစည်း၊ ဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် တားဆီးနှိမ်နင်းရေးစသည့် ကဏ္ဍအသီးသီးမှ ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ည) အဖွဲ့ဝင်နိုင်ငံ၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများ၊ သဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံများနှင့် သတင်းအချက်အလက်ဖလှယ်ရေး၊ ငွေကြေးခဝါချမှု စုံစမ်းစစ်ဆေးခြင်းတို့နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) ကြီးကြပ်ရေးအာဏာပိုင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(ဌ) သတင်းပို့အဖွဲ့အစည်းအဖြစ် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား သတ်မှတ်တာဝန်ပေးခြင်း၊

(ဍ) ဤဥပဒေ၏ ရည်ရွယ်ချက်များကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဎ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၏ သတင်းအချက်အလက်များအရဖြစ်စေ လွှတ်လပ်သော သတင်းအရင်းအမြစ်များမှဖြစ်စေရရှိသည့် သတင်းအချက်အလက်များကိုအခြေခံ၍ ဤဥပဒေအရစုံစမ်းစစ်ဆေးနိုင်ရန် စုံစမ်းစစ်ဆေးအဖွဲ့ကို တာဝန်ပေးအပ်ခြင်း။

၈။ ဗဟိုအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ဆောင်ရွက်ချက်ရလဒ်များအပေါ် အခြေခံ၍ မူဝါဒနှင့်မဟာဗျူဟာများချမှတ်ခြင်း၊ ချမှတ်သည့် မူဝါဒများနှင့် မဟာဗျူဟာများအား အကောင်အထည်ဖော်ဆောင်ခြင်းနှင့် အန္တရာယ်အခြေပြုချဉ်းကပ်ဆောင်ရွက်ခြင်းပြုရာတွင် ထိရောက်မှု၊ လုံလောက်သည့် အရင်းအမြစ်များ(လူအင်အား၊ ရန်ပုံငွေ၊ လုပ်ငန်းသုံး ပစ္စည်းနှင့်နည်းပညာ) ခွဲဝေချထားမှုနှင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုရှိစေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းအား တာဝန်ခွဲဝေသတ်မှတ်ပေးခြင်းနှင့် ဆောင်ရွက်ပြီးစီးမှုများကို အချိန်ကာလသတ်မှတ်ချက်ဖြင့် ပြန်လည်တင်ပြစေခြင်း၊

(ခ) ငွေကြေးခဝါချမှု ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ် သို့မဟုတ် အသုံးပြုပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးသူ၊ သက်သေနှင့် ၎င်းတို့၏ မိသားစုဝင်များအား သတ်မှတ်ချက်များနှင့်အညီ အကာအကွယ်ပေးရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းအား လမ်းညွှန်မှုပေးခြင်း၊

(ဂ) ငွေကြေးခဝါချမှု ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ် သို့မဟုတ် အသုံးပြုပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးသူအား ထိုက်သင့်သည့် ဆုငွေချီးမြှင့်ခြင်း၊

(ဃ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် သင့်လျော်သော ကျွမ်းကျင်သူဝန်ထမ်းများပါဝင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊

(င) သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ

စာမျက်နှာ ၁၁ သို့ ▲

▲ စာမျက်နှာ ၁၀ မှအဆက်

တိုးမြှင့်စေရေးအတွက် လမ်းညွှန်မှုများပေးခြင်း၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ် ထိရောက်စေရန် ပြည့်စုံလုံလောက်သည့် စာရင်းဇယားများထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေး အဖွဲ့အစည်း၊ ကြီးကြပ်ရေး အာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းအား ညွှန်ကြားခြင်း၊

(ဆ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြီးကြပ်ရေးအာဏာပိုင်မှ သတင်းပို့အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် လမ်းညွှန်မှုနှင့် တုံ့ပြန်မှုပေးစေရေးအတွက် ညွှန်ကြားခြင်း။

**အခန်း(၅)**

**ပြည်ထဲရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တာဝန်ပေးအပ်ရမည်။ ထို့အပြင် လုပ်ငန်းလိုအပ်ချက်အရ တပ်ဖွဲ့ သို့မဟုတ် ဦးစီးဌာနတစ်ခုခုကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ စုံစမ်းစစ်ဆေးရေး အဖွဲ့များကိုဖွဲ့စည်းပြီး တာဝန်ပေးအပ်နိုင်သည်။

၁၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းက ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်းနှင့် ထိန်းချုပ်ခြင်းပြုနိုင်ရန် အမိန့်ထုတ်ဆင့်ခြင်းနှင့် ရုပ်သိမ်းခြင်းများ ဆောင်ရွက်နိုင်သည်။

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ ဤဥပဒေအရ အရေးယူဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၁၂။ (က) ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏တင်ပြချက်အရ အောက်ဖော်ပြပါ အမိန့်များကို တစ်ကြိမ်လျှင် သုံးလထက်မပိုသောကာလအတွက် ခွင့်ပြုနိုင်သည်-

(၁) ကွန်ပျူတာစနစ်၊ ကွန်ရက်များနှင့် ဆာဗာများအား ဝင်ရောက်ကြည့်ရှုခွင့်ပြုသည့် အမိန့်၊

(၂) တယ်လီဖုန်းလိုင်းများ၊ ဖက်စ်များ သို့မဟုတ် အီလက်ထရောနစ် ထုတ်လွှင့်မှုများ သို့မဟုတ် ဆက်သွယ်ရေး အထောက်အကူပြုပစ္စည်းများအား စောင့်ကြည့်မှုအောက်တွင်ထားရှိခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်နားထောင်ခွင့်၊ ဖမ်းယူခွင့်၊ ဖြတ်တောက်ခွင့်၊ ပြစ်မှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်သလို အသုံးပြုခွင့်ပြုသည့်အမိန့်၊

(၃) လှုပ်ရှားဆောင်ရွက်မှုများနှင့် အပြုအမူများ သို့မဟုတ် စကားအပြန်အလှန် ပြောဆိုမှုများကို အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းရယူခွင့်ပြုသည့်အမိန့်၊

(၄) အသွင်ယူစုံစမ်းစစ်ဆေးခွင့်ပြုသည့်အမိန့်၊

(၅) ထိန်းချုပ်ဖော်ထုတ်ခြင်းကို ခွင့်ပြုသည့်အမိန့်။

(ခ) ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် ပုဒ်မခွဲ (က)အရ ထုတ်ပြန်သည့် အမိန့်များကို လိုက်နာဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရန်နှင့် အခြေခံအခွင့်အရေးများကို လိုက်နာဆောင်ရွက်ရမည့်အပြင် စုံစမ်းစစ်ဆေးရေး၏ တရားဝင်မှုနှင့် လျှို့ဝှက်မှုကို ထိန်းသိမ်းထားနိုင်ရန် ပြဋ္ဌာန်းထားသည့်စည်းကမ်းများကိုလည်း လိုက်နာရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

ပဲခူး မတ် ၁၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၉၁ ခုရှိပြီး အတွင်းဖြေ ကျောင်းသား၊ ကျောင်းသူ ၂၂၆၉၂ ဦး၊ အပြင်ဖြေကျောင်းသား၊ ကျောင်းသူ ၅၃၇၄ ဦးနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၄၃၈ ဦး စုစုပေါင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ ၂၈၅၀၄ ဦးတို့သည် မတ်လ ၁၁ ရက်မှစ၍ စိတ်အေးချမ်းသာစွာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မြို့နယ်၂၈ မြို့နယ်ရှိ စာစစ်ဌာန ၉၁ ခု၌ စာမေးပွဲဖြေဆိုပြီးချိန်တွင် ကျောင်းသားကျောင်းသူများကိုဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများက အအေးဘူးများ၊ မုန့်များပေးဝေခဲ့ကြကြောင်း သိရသည်။

ဥဿာတိုင်းသား




# အမျိုးသားပြတိုက်(နေပြည်တော်) ပြန်လည်ဖွင့်လှစ်ပြသ

နေပြည်တော် မတ် ၁၁

မန္တလေး ငလျင်ဒဏ်ကြောင့် အမျိုးသားပြတိုက်(နေပြည်တော်)၏ အဆောက်အအုံပိုင်းများထိခိုက်ပျက်စီးခဲ့၍ ခေတ္တပိတ်ထားခဲ့ရသော်လည်း ယခုအခါ အဆောင် A နှင့် B ကို ပြန်လည်ပြုပြင်မွမ်းမံပြီးဖြစ်သဖြင့် ပရိုင်းမိတ်နှင့်ကျောက်ဖြစ် ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦး (ဘီစီ ၂ ရာစုမှအေဒီ ၉ ရာစု) ပြခန်း၊ သမိုင်းတင်ခေတ်(အေဒီ ၁၁ ရာစု -၁၄ ရာစု) ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်းနှင့် လက်ဆောင်ပစ္စည်းများပြခန်း



စုစုပေါင်းပြခန်းခုနစ်ခန်းကို အများပြည်သူကြည့်ရှုလေ့လာနိုင်ရန်အတွက် ၂၀၂၆ ခုနှစ် မတ်လ ၁၀ ရက်မှစ၍ တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှလွဲ၍ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ နေ့စဉ်ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။



ပြတိုက်ပြန်လည်ဖွင့်လှစ်ပြသသည့် အထိမ်းအမှတ်အဖြစ် မတ်လ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်အား အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ အမျိုးသားပြတိုက်(နေပြည်တော်) ပြန်လည်ဖွင့်လှစ်သည့် မတ်လ ၁၀ ရက်တွင် လာရောက်လေ့လာကြည့်ရှုသူများကို ပြတိုက်ဝန်ထမ်းများက ပြခန်းအလိုက် ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

မြဝတီ

**MWD Education, Knowledge & Sports Channel**


၁၂-၃-၂၀၂၆ (ကြာသပတေးနေ့)

၁။ ၁၅:၀၀ - ၁၅:၃၀ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ

၁၉:၀၀ - ၂၀:၀၀ အထောက်အကူပြုသိကောင်းစရာများ(သင်္ချာဘာသာရပ်)

၂။ ၂၀:၀၀ - ၂၁:၃၀ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း အနောက်မြောက်ယွန်းယွန်းမှသည် တိမ်ယံဆီသို့ (ဇာတ်သိမ်းပိုင်း)

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မင်းဘူး | ၄၂ ˚C |
| ချောက် | ၄၀.၄ ˚C |
| မကွေး | ၄၀.၂ ˚C |
| မြင်းမူ | ၃၉.၅ ˚C |
| ငါးသိုင်းချောင်း | ၃၉.၅ ˚C |
| မြင်းခြံ | ၃၉.၂ ˚C |
| ကျောက်ဆည်(လွန်ကျော်) | ၃၉ ˚C |
| ဆင်ဖြူကျွန်း | ၃၉ ˚C |
| အောင်လံ | ၃၈.၈ ˚C |
| ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ) | ၃၈.၈ ˚C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ပင်လောင်း | (၁.၀၂)လက်မ |
| ကျိုင်းတုံ | (၀.၇၉)လက်မ |
| မိုင်းပျဉ်း | (၀.၆၈)လက်မ |
| ပျဉ်းမနား | (၀.၂၄)လက်မ |
| နေပြည်တော်(ဇေယျာသီရိ) | (၀.၂၄)လက်မ |
| တာချီလိတ် | (၀.၁၇)လက်မ |
| နေပြည်တော်(ဇမ္ဗူသီရိ) | (၀.၁၆)လက်မ |
| ကလော | (၀.၁၆)လက်မ |
| မိုင်းဆတ် | (၀.၁၆)လက်မ |
| မိုင်းတုံ | (၀.၁၆)လက်မ |
| တောင်ကြီး | (၀.၁၂)လက်မ |
| ဟဲဟိုး | (၀.၁၂)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၆ | ၃၂ |
| ရှမ်း(မြောက်) | ၁၆ | ၃၃ |
| ရှမ်း(အရှေ့) | ၁၅ | ၂၈ |
| ရှမ်း(တောင်) | ၁၄ | ၂၈ |
| ချင်း | ၁၀ | ၂၄ |
| စစ်ကိုင်း(အထက်) | ၁၈ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၁ | ၃၈ |
| နေပြည်တော် | ၂၂ | ၃၆ |
| မန္တလေး | ၂၅ | ၃၉ |
| မကွေး | ၂၀ | ၃၉ |
| ရခိုင် | ၂၁ | ၃၃ |
| ပဲခူး | ၂၁ | ၃၉ |
| ရန်ကုန် | ၂၂ | ၃၇ |
| ဧရာဝတီ | ၂၁ | ၃၈ |
| ကယား | ၁၆ | ၂၈ |
| ကရင် | ၂၁ | ၃၈ |
| မွန် | ၂၂ | ၃၇ |
| တနင်္သာရီ | ၂၃ | ၃၇ |



စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



ဓာတ်ပုံ-ရွှေဖြိုး(မြဝတီ)

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။





မော်လမြိုင်မြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။



ဟိုပုံးမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



လင်းခေးမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



နမ့်စန်မြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။

◆ **ရှေ့ဖုံးမှအဆက်**

မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာနတို့၌ ပထမနေ့ မြန်မာစာဘာသာရပ်အားဖြေဆိုရန် စာရင်းသွင်းအရေအတွက်မှာ ခရိုင်ပေါင်း ၁ဂ၅ ခရိုင်၊ မြို့နယ်ပေါင်း ၂၆၆ မြို့နယ်၊ စာစစ်ဌာနပေါင်း ၈၈၇ ဌာနတို့၌ ကျောင်းသား ၁၁၂၁၉၁ ဦး၊ ကျောင်းသူ ၁၅၆၅၆၂ ဦး၊ စုစုပေါင်း ၂၆၈၇၅၃ ဦးဖြစ်ပြီး ဖြေဆိုမှုအနေဖြင့် ကျောင်းသား ၁ဂ၄၂၅၉ ဦး၊ ကျောင်းသူ ၁၅ဂ၉၆၉ ဦး၊ စုစုပေါင်း ၂၅၅၂၂၈ ဦးဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူ ရာခိုင်နှုန်းမှာ ၉၄ ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်အားဖြေဆိုရန် စာရင်းသွင်းအရေအတွက်မှာ ခရိုင်ပေါင်း ၄၁ ခရိုင်၊ မြို့နယ်ပေါင်း ၅ဂ မြို့နယ်၊ စာစစ်ဌာနပေါင်း ၅၃ ဌာနတို့၌ ကျောင်းသား ၂ဂဂ၅ ဦး၊ ကျောင်းသူ ၁၃၈၁ ဦး၊ စုစုပေါင်း ၃၃၈၆ ဦးဖြစ်ပြီး ဖြေဆိုမှုအနေဖြင့် ကျောင်းသား ၁၉၉၂ ဦး၊ ကျောင်းသူ ၁၃၇၂ ဦး၊

**စာမျက်နှာ ၁၃ သို့** ◆



တောင်သာ မြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာ ဘာသာရပ်အား လာရောက် ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



မကွေး မြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာ ဘာသာရပ်အား လာရောက် ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ဧရာဝတီ တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာ ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။



မြိတ်မြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာ ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



ခိုလမ်မြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာ ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



ပင်လုံမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာ ဘာသာရပ်အား လာရောက် ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ကွန်ဟိန်းမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာ ဘာသာရပ်အား လာရောက် ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



တောင်ငူမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာ ဘာသာရပ်အား လာရောက် ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



စဉ့်ကိုင်မြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပထမနေ့ မြန်မာစာ ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။

◆ **စာမျက်နှာ ၁၂ မှအဆက်**

စုစုပေါင်း ၃၃၆၄ ဦးဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူရာခိုင်နှုန်းမှာ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုပြီး မတ်လ ၁၂ ရက် ကြာသပတေးနေ့တွင် အင်္ဂလိပ်စာဘာသာရပ်၊ မတ်လ ၁၃ ရက် သောကြာနေ့တွင် သင်္ချာဘာသာရပ်၊ မတ်လ ၁၄ ရက် စနေနေ့တွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်၊ မတ်လ ၁၆ ရက် တနင်္လာနေ့တွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်၊

**စာမျက်နှာ ၁၄ သို့** ◆

# မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများဖြစ်ပွားနိုင်ခြေများကိုလေ့လာခြင်း သုတေသနအစီရင်ခံစာ အသိပေးတင်ပြခြင်းအခမ်းအနားကျင်းပ

နေပြည်တော်  မတ်  ၁၁

မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများဖြစ်ပွားနိုင်ခြေများကို လေ့လာခြင်း သုတေသနအစီရင်ခံစာ အသိပေးတင်ပြခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန Meeting Hall ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ထင်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အချက်အလက်များအရ ကမ္ဘာတစ်ဝန်းတွင် နှလုံးသွေးကြောရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ လေဖြတ်လေငန်းရောဂါ၊ ကင်ဆာရောဂါအစရှိသည့် မကူးစက်နိုင်သော ရောဂါများကြောင့် နှစ်စဉ် လူဦးရေ ၄၃ သန်းကျော် သေဆုံးနေရကြောင်း၊ အဆိုပါသေဆုံးမှုများ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း၊ မကူးစက်နိုင်သောရောဂါများဖြစ်ပွားနိုင်ခြေများကို STEPs Survey နည်းလမ်းဖြင့် လေ့လာခြင်းသုတေသနကိုမြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၄ ခုနှစ်တို့တွင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် စတင်၍ ၂၀၂၅ ခုနှစ်တွင် ပြီးစီးခဲ့သည့် သုတေသနအပါအဝင် စုစုပေါင်းလေးကြိမ် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် သုတေသနရလဒ်များနှင့်နှိုင်းယှဉ်သည့်အခါ သွေးတိုးရောဂါ ဖြစ်ပွားမှုနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုတို့မှာ အနည်းငယ်လျော့ကျလာပြီး ပြည်သူလူထုအတွင်း အခြေခံဆေးဝါးများရရှိမှု အခြေအနေ တိုးတက်မြင့်မားလာသည်ကို တွေ့ရှိရသော်လည်း သွေးတွင်းသကြားဓာတ်နှင့် သွေးတွင်းအဆီဓာတ်များခြင်း၊ ခန္ဓာကိုယ်အလေးချိန်များခြင်းကဲ့သို့သော ရောဂါဖြစ်ပွားနိုင်ခြေအများစုသည် ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံတွင် လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို သက္ကရာဇ် ၂၀၃၀ တွင် ပြည့်မီရန် ရည်မှန်းထားသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုမှလိုအပ်လျက်ရှိသည့် လူမှုစီးပွားဘဝထိခိုက်လာသည်အထိ ကျန်းမာရေးအတွက် ငွေကြေးစိုက်ထုတ်သုံးစွဲရမှု ကုန်ကျစရိတ်များကိုကာကွယ်နိုင်ရန် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ်၊ စီမံချက်မန်နေဂျာများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

◆ **စာမျက်နှာ ၁၃ မှအဆက်**

မတ်လ ၁၇ ရက် အင်္ဂါနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကိုဖြေဆိုကြရမည်ဖြစ်ပြီး မတ်လ ၁၅ ရက် တနင်္ဂနွေနေ့အား ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သိရှိရသည်။

အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့ မတ်လ ၁၁ ရက်နေ့မှ စတင်ဖြေဆိုလျက်ရှိပြီး မတ်လ ၁၈ ရက်နေ့အထိ ဆက်လက်ဖြေဆိုကြမည်ဖြစ်ကာ မတ်လ ၁၅ ရက် တနင်္ဂနွေနေ့အား ပိတ်ရက်အဖြစ်သတ်မှတ်ကြောင်း သတင်းရရှိသည်။



ပြည်နယ်(မြန်/ဆက်)

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုကြည့်ရှုအားပေးစဉ်။



တင်ထွန်း(မြန်/ဆက်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုကြည့်ရှုအားပေးစဉ်။

"ကျွန်တော်တို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန(၂) မှာ



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုပြီးစီးမှုကိုတွေ့ရစဉ်။



ရခိုင်ပြည်နယ်၌ ၂၀၂၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုတွေ့ရစဉ်။

ရောက်ရှိပြီးတော့ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်စွာဖြေဆိုနိုင်ရေးအတွက် လိုက်လံကြီးကြပ်ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒီစာစစ်ဌာနမှာ ၄၈၆ ဦးရှိပါတယ်။ ဇဟန်းမြို့နယ်မှာ စာစစ်ဌာန နှစ်ခုရှိပါတယ်။ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနဲ့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၊ ဒါက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းဖြစ်ပါတယ်။ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှာလည်း ၂၈၈ ဦး စာမေးပွဲဖြေပါတယ်။ အားလုံးပေါင်း ၇၇၄ ဦး စာမေးပွဲဖြေကြပါတယ်။ ဒီနေ့ဟာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပထမနေ့ဖြစ်တဲ့အတွက် ၁၇ ရက်နေ့အထိ အားလုံးအေးအေးချမ်းချမ်း ဖြေဆိုနိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့တွေ၊ လုံခြုံရေးအဖွဲ့တွေ၊ ပရဟိတအဖွဲ့တွေနဲ့ ပေါင်းပြီးတော့ ကလေးတွေ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် စီမံဆောင်ရွက်ထားပါတယ်။ နေ့တိုင်းလည်း ဒီလိုဆောင်ရွက်ပြီးတော့ ပြီးတဲ့အထိဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကလေးတွေ အေးချမ်းသာယာစွာဖြေဆိုနိုင်တဲ့အတွက် နောင်အနာဂတ်မှာ ကလေးတွေရဲ့ ပညာရည်ထူးချွန်မှုကို ရရှိခံစားရမှာဖြစ်ပါတယ်" ဟုပြောသည်။









"သမီးအခုဖြေဆိုခဲ့တဲ့ မြန်မာစာကို အေးအေးဆေးဆေးနဲ့ အောင်မြင်စွာဖြေဆိုနိုင်ခဲ့တယ်။ တစ်နေ့စာတစ်နေ့လုပ်တယ်။ ကျောင်းကသင်တဲ့စာကိုညနေကျရင်ပြန်လုပ်တယ်။ ဒီလိုနဲ့ပဲ တစ်နှစ်ပတ်လုံး ကြိုးစားလာတာပါ။ တစ်နှစ်ပတ်လုံး ကြိုးစားလာခဲ့တဲ့အရာမှန်သမျှ ၃ နာရီအတွင်းမှာ သမီးအောင်မြင်စွာ ဖြေဆိုနိုင်ခဲ့တယ်လို့ ပြောချင်ပါတယ်။ စာမေးပွဲပြီးသွားရင်တော့ ကိုယ်ရတဲ့အမှတ်နဲ့ညီတဲ့ တက္ကသိုလ်တက်ဖို့အစီအစဉ်ရှိပါတယ်"ဟုပြောသည်။

"မြန်မာစာကို ဒီနေ့အတွက် အကောင်းဆုံးကြိုးစားပြီးတော့ ဖြေဆိုခဲ့တယ်။ အကောင်းဆုံးအမှတ်တွေ ရမယ်လို့လည်း မျှော်လင့်မိပါတယ်။ အစကတည်းကလည်း သေသေချာချာ နေ့စဉ်နေ့တိုင်း မပျက်မကွက်ဘဲ စာတွေကို သေချာလုပ်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် အခုအချိန်မှာလည်း စာမေးပွဲနီးလာလို့ အခက်အခဲလည်းမရှိဘဲ လွယ်လွယ်ကူကူနဲ့ စာကြည့်နိုင်ခဲ့တယ်။ ဆရာ၊ ဆရာမတွေရဲ့ သင်ကြားပေးတဲ့ ကျေးဇူးကိုလည်းသိတဲ့အနေနဲ့ ပုံမှန်စာကြည့်ခဲ့တဲ့အတွက်ကြောင့် လွယ်လွယ်ကူကူနဲ့ အခက်အခဲမရှိဘဲ ဖြေကြားနိုင်ခဲ့ပါတယ်။ လေ့လာခဲ့တဲ့ ဘာသာရပ်တိုင်းကတော့ အားလုံးနီးပါးကတော့ ခက်ခဲတယ်လို့လည်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ လွယ်ကူတာလည်း ဖြစ်နိုင်ပါတယ်။ အားလုံးက မိမိရဲ့ ကြိုးစားမှုအပေါ်မှာ မူတည်တယ်လို့ ကျွန်တော်ကတော့ထင်မိပါတယ်။ စာမေးပွဲကြီးပြီးသွားလို့ရှိရင်တော့ စာမေးပွဲရလဒ်အပေါ်မှာ မူတည်ပြီးတော့ မိမိတက်ရောက်နိုင်တဲ့တက္ကသိုလ်ကိုပဲ ဆက်လက်လျှောက်ထားပြီးတော့ အကောင်းဆုံးဖြစ်အောင်ကြိုးစားမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ပြောသည်။ (၁၀၀)

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၁

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဥတ္တရသီရိမြို့နယ် မသိမ်ကျေးရွာ ကျောင်းသစ်ကျောင်းဆရာတော် ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံ နဝကမ္မအလှူတော်ငွေနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နှစ်ပတ်လည်နေ့အခမ်းအနားကိုဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ တိုင်းရင်းသားဘာသာစာပေသင်ကြားသည့် ဆရာ၊ ဆရာမများ နှစ်စဉ်တိုးမြှင့်ခန့်ထားပြီး ခေတ်ကာလနှင့်လျော်ညီသည့် နှုန်းထားများဖြင့် ထောက်ပံ့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် နီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တိုင်းရင်းသားဘာသာပြန်ဆိုသည့် လုပ်ငန်းများဆောင်ရွက်ခြင်း၊ တိုင်းရင်းသားများ၏လူနေမှုဘဝ၊ ပွဲတော်များ၊ ရိုးရာအစားအစာချက်ပြုတ်နည်းအစီအစဉ်များကို Documentary ရိုက်ကူးခြင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးတွေ့ဆုံ၍ အမြင်ချင်းဖလှယ်နိုင်ရန်နှင့် ဒေသန္တရဗဟုသုတများရရှိစေရန် လေ့လာရေးခရီးစဉ်များဆောင်ရွက်ခြင်း၊ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာဖွင့်လှစ်၍ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ခြင်း၊ ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်ခြင်း၊ သက်သာချောင်ချိရေးအတွက် လစဉ်ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။



ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်များနှင့် တည်ဆဲဥပဒေများကို လိုက်နာရန်လိုအပ်ပြီး မိမိတို့၏စွမ်းဆောင်ရည်များမြင့်မားလာစေရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရန်တိုက်တွန်းပြောကြားပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားကာ ဝန်ထမ်းများက တိုင်းရင်းသားရိုးရာအဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၁

အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲကို မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိမြို့တော်ဂေါက်ကွင်း၌ ကျင်းပပြုလုပ်ရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)တို့မှ တပ်မတော်အရာရှိကြီးများနှင့် အိန္ဒိယတပ်မတော်ဂေါက်သီးရိုက်အသင်းခေါင်းဆောင် Gp Capt Anish Sharma ဦးဆောင်သောကိုယ်စားလှယ်များတက်ရောက်ကြသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက တီခုံအမှတ် ၁ ၌ ပြိုင်ပွဲအထိမ်းအမှတ် Smoke Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲအားမတ်လ ၁၀ ရက်နေ့နှင့် မတ်လ ၁၁ ရက်နေ့တို့တွင် မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ဆက်လက်ယှဉ်ပြိုင်ကစားကြပြီးနောက် ယနေ့ညနေပိုင်းတွင် ရေပြာဂေါက်ကွင်း၌ ဆုပေးပွဲနှင့်ညစာစားပွဲအခမ်းအနားကျင်းပပြုလုပ်သည်။




စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် အိန္ဒိယတပ်မတော်ဂေါက်သီးရိုက်အသင်းခေါင်းဆောင် Gp Capt Anish Sharma တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

ဆက်လက်၍ ပြိုင်ပွဲတွင် အကြီးတန်းတစ်ဦးချင်း၊ အငယ်တန်းတစ်ဦးချင်း၊ အသင်းလိုက်အကြီးတန်း၊ အငယ်တန်းပြိုင်ပွဲများတွင်ပထမ၊ ဒုတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ပြီးနောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့်အိန္ဒိယတပ်မတော်ဂေါက်သီးရိုက်အသင်းခေါင်းဆောင် Gp Capt Anish Sharma တို့က အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ကြကြောင်း သိရသည်။

အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲသည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်လေးစားယုံကြည်မှုကို တိုးတက်စေမည်ဖြစ်ပြီး မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်အကြား ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ဗုဒ္ဓဘာသာနှင့်ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

နေပြည်တော် မတ် ၁၁

အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေးအတွက် ဗုဒ္ဓဘာသာနှင့်ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရေဝတီခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်၊ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၆၉ ဦးဖြင့် ဧပြီလ ၃ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဗုဒ္ဓဘာသာနှင့်ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၁၁-၃-၂၀၂၆ ရက်နေ့ အမြင့်ဆုံးအပူချိန်များ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီ ဆဲလ်စီးယက် | အမြင့်ဆုံးအပူချိန် ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|---|
| ၁ | မင်းဘူးမြို့ | ၄၂.၀ | ၁၀၇.၆ |
| ၂ | ချောက်မြို့ | ၄၀.၄ | ၁၀၄.၇ |
| ၃ | မကွေးမြို့ | ၄၀.၂ | ၁၀၄.၄ |
| ၄ | မြင်းမူမြို့ | ၃၉.၅ | ၁၀၃.၁ |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ (၁၆) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ



နေပြည်တော် မတ် ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ (၁၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှတာဝန်ရှိသူများနှင့်အရာထမ်း၊အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လက်ရှိကော်မရှင် အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယခင်ရွေးကောက်ပွဲများနှင့် မတူညီသည့် ရွေးကောက်ပွဲစနစ်၊ မဲပေးသည့်ပုံစံ၊ ရွေးကောက်ပွဲကျင်းပသည့်ပုံစံတို့ဖြင့် အခက်အခဲ အနှောင့်အယှက်များကြားမှ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လာမည့် ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်ကြရာတွင်လည်း ယခုကဲ့သို့ စည်းစည်းလုံးလုံး အောင်အောင်မြင်မြင်ဖြင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲများအဖြစ် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရွေးကောက်ပွဲကြီး အောင်မြင်အောင် ကျင်းပနိုင်ခဲ့သည့်အတွက် နိုင်ငံသားတာဝန်ကျေပွန်စွာ အားတက်သရောလာရောက် ဆန္ဒမဲပေးခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပမှ မဲဆန္ဒရှင်ပြည်သူများ၊ စေတနာစွမ်းအား၊ ဉာဏ်ပညာစွမ်းအား၊ ဝီရိယစွမ်းအားများဖြင့် နိုင်ငံတော်တာဝန်တစ်ရပ်အဖြစ် အားသွန်ခွန်စိုက် တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ အများယုံကြည် လေးစားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်းပြောကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က ဖွင့်လှစ်သည့်သင်တန်းများတွင် သင်တန်းသား စံပြဆုရရှိသူ အရာထမ်းနှစ်ဦး၊ အခြားထူးချွန်ဆုရရှိသူ အရာထမ်းနှစ်ဦး၊ စုစုပေါင်း လေးဦး၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအစီအစဉ်တွင် တွဲဖက်တာဝန်ထမ်းဆောင်ခဲ့သူ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၄ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းမိသားစုဝင်တစ်ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများချီးမြှင့်ပြီး ငွေကျပ် ၂၈၅ သိန်းကျော် တန်ဖိုးရှိ ဆုမဲများနှင့် ဆုငွေများကို ကံစမ်းမဲဖောက်ပေးကြသည်။

ညနေပိုင်းတွင် ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ကော်မရှင်ရုံးဝန်ထမ်းများက တေးသီချင်းများ၊ အကအလှများဖြင့် ပျော်ရွှင်စွာ သီဆိုဖျော်ဖြေခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး မစ္စစ် ပွန်နမ်ပီရူမား အာရာချ်ချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူမားအား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး မစ္စစ် ပွန်နမ်ပီရူမား အာရာချ်ချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူမားအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မြဝတီ

# အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်း မိသားစုဝင်များအားတွေ့ဆုံ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးအား ဘုရားဆင်းတုတော်၊ ဆန်၊ ဆီ၊ ကြက်ဥ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။

နေပြည်တော် မတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အေးသာယာမြို့၊ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (အေးသာယာ)ရှိစစ်မှုထမ်းဟောင်းမိသားစုဝင်များအားတွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစစ်မှုထမ်းဟောင်းအိမ်ရာ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက် ဘုရားဆင်းတုတော်များ၊ ဆန်၊ ဆီ၊ ကြက်ဥ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းမိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း သက်သာချောင်ချိရေးအရောင်းဆိုင်ရောင်းချပေးနေမှု၊ သောက်ရေသန့်စက်မှ ရေပေးဝေနိုင်မှုနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အေးသာယာမြို့၊ အမှတ်(၇) ရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အရှင်ဒေါက်တာခေမိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကာ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အလျား ၁၂၀ ပေ၊ အနံ ၃၀ ပေ ဘုန်းတော်ကြီးသင်သင်တန်းသားအိပ်ဆောင် ပြန်လည်ပြုပြင်နေမှုကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာ(အခြေခံ)သင်တန်းများဖွင့်လှစ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာ(အခြေခံ)သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၁၁

ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများနွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာနှင့် အင်္ဂလိပ်စာ (အခြေခံ)သင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသားကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသူများနှင့် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၇၁ ဦးဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာ(အခြေခံ) သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၃၆ ဦးဖြင့်လည်းကောင်း မတ်လ ၂၆ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာ့မီးရထား၏ နေပြည်တော်စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၁၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာ့မီးရထား၏ နေပြည်တော်စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၌ Battery Electric Multiple Unit (BEMU)တည်ဆောက်နေမှု၊ ဘက်ထရီလျှပ်စစ်စက်ခေါင်း (Battery Electric Locomotive – BEL) နှင့် ဘက်ထရီတွဲတည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း ဘက်ထရီလျှပ်စစ် ရထားတွဲဆိုင်း (Battery Electric Multiple Unit – BEMU)တည်ဆောက်နေမှု၊ ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ် (Battery Electric Locomotive – BEL)နှင့် ဘက်ထရီတွဲ တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်လျက်ရှိသော ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်းများ၊ ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ်များနှင့် ဘက်ထရီတွဲများကို အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကို တာဝန်ရှိသူများအားလုံးက အထူးကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ နေပြည်တော်စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံတွင် ရန်ကုန်မြို့ပတ်နှင့်ခရီးတိုလမ်းပိုင်းများတွင် အသုံးပြုရန်အတွက် ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်း(BEMU)များကိုလည်းကောင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်း အသုံးပြုပြေးဆွဲသော လမ်းပိုင်းများတွင် အသုံးပြုရန်အတွက် ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ်(BEL)များနှင့် ဘက်ထရီတွဲများကိုလည်းကောင်း တည်ဆောက်လျက်ရှိပြီး စွမ်းအင်ချွေတာသုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ခရီးသွားပြည်သူများကို ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးအပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြဝတီ

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (ဒုံယင်း)နှင့် နည်းပညာအထက်တန်းကျောင်း (ဘားအံ)စာစစ်ဌာနများ၌ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘားအံတက္ကသိုလ်၌ အဆိုပါ တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဘားအံတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးသင်ကြားရေးနှင့်သုတေသနကို ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စာကြည့်တိုက်အခြေပြု သင်ကြားသင်ယူမှုပုံစံဖြစ်စေရေး၊ သုတေသနအခြေပြု တက္ကသိုလ်ပေါ်ထွန်းလာစေရေး ရည်မှန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပြု သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန်နှင့် AI နည်းပညာကိုလည်း စနစ်တကျ အကျိုးရှိရှိ အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ တက္ကသိုလ်သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး အမြဲမပြတ်ဆောင်ရွက်ရန်၊ တက္ကသိုလ်၏အရည်အသွေးအာမခံမှုစနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တက္ကသိုလ်ဆိုင်ရာဆောင်ရွက်မည့် အစီအစဉ်များကို တစ်နှစ်တာအတွက် ပြက္ခဒိန်ရေးဆွဲထားရန် လိုအပ်ကြောင်း မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် ဘားအံပညာရေးဒီဂရီကောလိပ်၌ အဆိုပါကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံပြီး ဆရာ၊ ဆရာမများဖြစ်လာမည့်သူများအနေဖြင့် မိမိတို့ကိုယ်တိုင် စည်းကမ်းရှိကြရန်လိုအပ်ပြီး ဘာသာရပ်များကို အမှန်တကယ်ကျွမ်းကျင်တတ်မြောက်သူများ ဖြစ်လာစေရေးကြိုးစားသင်ယူကြစေလိုကြောင်း၊ ပညာရေးဒီဂရီကောလိပ်ငါးကျောင်းကို တက္ကသိုလ်အဆင့်မြှင့်တင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ သင်ကြားရေးသာမက သုတေသနလုပ်ငန်းများကိုလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားကာ သင်တန်းသား၊ သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာ့ခရီးသွားလုပ်ငန်းသတင်းအချက်အလက်ဖြေကြားမှုစနစ်၊ ခရီးသွားလာမှုဆိုင်ရာသတင်းအချက်အလက်စနစ်၊ မြန်မာ့ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုမှုစနစ်များ လွှင့်တင်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၁



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာရပ်များကို အသုံးပြုပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာရေး၊ ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး၊ ခရီးသွားများသွားလာလည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရေးတို့အတွက် မြန်မာ့ခရီးသွားလုပ်ငန်းသတင်းအချက်အလက်ဖြေကြားမှုစနစ်၊ ခရီးသွားလာမှုဆိုင်ရာ သတင်းအချက်အလက်စနစ်၊ မြန်မာ့ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုမှုစနစ်များ လွှင့်တင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယနေ့လွှင့်တင်သော စနစ်များအကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံတော်အစိုးရမှ ရေးဆွဲချမှတ်ထားသော Myanmar E-Government Master Plan ပါအဓိကရည်ရွယ်ချက်များဖြစ်သည့် နိုင်ငံသားများနှင့်ထိတွေ့ဆက်ဆံမှုကို မြှင့်တင်ပေးခြင်းဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုများ စွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားလာစေရန်၊ ပြည်သူ့ဝန်ဆောင်မှုများကို ထိရောက်စွာပေးအပ်နိုင်ရေးအတွက် Digital Government အားဦးတည်ဆောင်ရွက်ရန်၊ ပြည်သူ့ဝန်ဆောင်မှုများ နိုင်ငံတစ်ဝန်းလက်လှမ်းမီမှုကိုမြှင့်တင်ပေးခြင်းဖြင့် လူ့အဖွဲ့အစည်း၏ အရည်အသွေးနှင့် လူမှုစီးပွားဘဝကိုမြှင့်တင်ပေးရန်၊ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအား ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် ဆိုသည့် အချက်များကို လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊

ယနေ့စနစ်များ လွှင့်တင်ခြင်းအစီအစဉ်သည် ဝန်ကြီးဌာန၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင်အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယခုစနစ်များကို အများပြည်သူကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးနှင့် တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်စေရေးတို့အတွက် ယနေ့တက်ရောက်လာကြသူများအားလုံးဝိုင်းဝန်း လက်တွဲပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းတိုက်တွန်းပြောကြားသည်။

ထို့နောက် စနစ်များလွှင့်တင်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စနစ်များအသုံးပြုမှုပုံစံများကို ရှင်းလင်းဖော်ပြသည့် Video Clip ကိုပြသပြီး တာဝန်ရှိသူများက စနစ်များနှင့်စပ်လျဉ်းသည့် အကြောင်းအရာများ၊ ရရှိမည့်အကျိုးကျေးဇူးများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက လွှင့်တင်ထားရှိသောစနစ်များ ဝန်ဆောင်မှုပေးမည့်လုပ်ငန်းစဉ်အဆင့်ဆင့်လက်တွေ့စမ်းသပ်ပြသခြင်းကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Clementine fruits in high demand at domestic market in Hinthada Township



HINTHADA March 11

Purchasing demand of clementine fruits is high at the domestic market in Hinthada Township of Ayeyawady Region, said Daw Htay Htay, the owner of fruit trading wholesale centre in Hinthada Township.

At the Hinthada Township fruit trading market, clementine fruits (locally known as pyae lemon) have seen strong demand and active trading since the second week of January this year and continuing to the present, according to reports. Prices for these clementines are currently ranging from Ks-19,500 to Ks-27,500 per viss, depending on quality.

"Sales of clementines arriving at the Hinthada Township market have been strong," said Daw Htay Htay, a fruit trader from Hinthada Township. "Demand for clementines is high, which is why trading has been brisk. Higher-quality fruit fetches better prices. The clementines currently being traded are domestically grown and systematically cultivated products. At present, clementines are performing better in terms of price compared with other fruits in the market," she said.

In Hinthada Township, organically grown clementines are the main products being traded. As sales of these clementines have improved, growers, transporters, cargo truck drivers, and loading and unloading workers are all benefiting.

SK

# Thabaung Township completes cultivation of paddy on more than 80,000 acres of farmlands

THABAUNG March 11

Local farmers of Thabaung Township of Ayeyawady Region have planted 87,745 acres of paddy this year, according to Pathein District Agriculture Department.

During this year's summer cropping season, a total of 94,002 acres of paddy were targeted for cultivation in Thabaung Township. Planting began in the second week of November 2025, and as of today, paddy has been successfully planted on up to 87,745 acres. It is reported that local farmers and relevant departments are working together to exceed the planned cultivation target for these paddy crops.

"Even before planting began this year in Thabaung Township, agricultural techniques were provided in advance to support paddy cultivation," said Daw Aye Aye Mu, Head of the Pathein District Department of Agriculture. "In addition, the chemical fertilizers required to ensure good yields from the summer paddy grown by farmers were also supplied. Field-based extension and awareness activities were carried out to enable farmers to use fertilizers in line with recommended agricultural practices. At present, summer paddy cultivation is expected to exceed 94,000 acres, and efforts are continuing to ensure both high yields and quality paddy," she explained.

In Thabaung Township, the most commonly cultivated paddy varieties include 90-day varieties, GW-11, Saphotha, GW-1, Byaw Thukhan, and Thai Baykyar. These varieties are reported to offer advantages such as strong market demand, good grain quality, and high yields.

SMK

# Wakema Township meets target acreage of chilli this year



WAKEMA March 11

According to Myaungmya District Agriculture Department, local farmers have planted all sown acreage of chilli in Wakema Township of Ayeyawady Region.

During this year's winter crop planting season, farmers in Wakema Township allocated 7,193 acres for chili cultivation. Planting began in the first week of October 2025, and as of today, all 7,193 acres have been fully planted. To ensure the crops are planted according to plan, the Department of Agriculture has been actively providing farmers with guidance and technical support.

Local farmers across 18 villages in Wakema Township have planted the majority of the chili crops. These farmers, in collaboration with the Department of Agriculture, have also carried out additional planting during both the winter and summer seasons to ensure consistent yields, prevent pest infestations, and maintain both high productivity and quality of this year's chili harvest.

SMK

# More than 80,000 acres of pulses and beans planted in Pwintbyu Township

PWINTBYU March 11

The Township Agriculture Department stated that local farmers planted 82,637 acres of pulses and beans in Pwintbyu Township of Magway Region this year.

In Pwintbyu Township, a total of 72,564 acres of pulses and beans were planned for cultivation during the 2025 winter crop growing season. Planting began in October, and to date, pulses and beans have been cultivated on 82,637 acres, according to reports.

"To ensure that farmers meet or exceed the targeted acreage for each crop and to increase yields, we are providing field-level supervision and agricultural extension services. These include ensuring access to quality and pure seed, improving soil fertility, the systematic use of fertilizers and agricultural inputs, reducing water losses in irrigation, applying correct cultivation techniques, and preventing pest and disease infestations," she explained.

For the 2025 winter crop season in Pwintbyu Township, the planned cultivation area for pulses and beans comprised 132 acres of black gram, 3,744 acres of lablab bean, 393 acres of lima bean, 3,192 acres of cowpea, 52,051 acres of chickpea, 3,233 acres of white cowpea, 230 acres of rice bean, 417 acres of mung bean, 8,227 acres of butter bean, and 945 acres of other pulses, totaling 72,564 acres. As of today, completed cultivation has reached 72 acres of black gram, 4,675 acres of lablab bean, 18 acres of lima bean, 3,480 acres of cowpea, 62,120 acres of chickpea, 2,173 acres of white cowpea, 276 acres of mung bean, 114 acres of rice bean, 9,580 acres of butter bean, and 129 acres of other pulses, bringing the total cultivated area to 82,637 acres.

Daw Moe Moe Wai further noted that if farmers are able to cultivate pulses and beans with good yields, it will not only ensure local food security but also allow surplus produce to be sold, generating income and contributing to improved socio-economic conditions. For these reasons, she said, efforts must be made year by year, across all regions, to further expand the cultivation of pulses and beans.

SK

# Farmers strive for expansion of sown acreage for onions in Monywa District

MONYWA March 11

Agriultural data of Monywa District Agriculture Department stated that local farmers could expand sown acreage of onions in Monywa District of Sagaing Region this year.

During the 2025-2026 winter crop cultivation season, Monywa District earmarked 11,233 acres for onion cultivation. Planting began in October 2025, and as of today, 7,860 acres have been planted in Monywa Township, 3,365 acres in Budalin Township, 269 acres in Ayadaw Township, and 655 acres in ChaungU Township, bringing the total planted area to 12,149 acres, according to reports.

"During the winter crop cultivation season in Monywa District, 11,233 acres were planned for onion cultivation, and planting has been completed on 12,149 acres. Cultivation has exceeded the original target acreage. Onion cultivation is proceeding under normal conditions, and efforts are also being made to link farmers with markets to secure favorable prices," said Daw San San Myint, District Head of the Monywa District Department of Agriculture.

For the 2025-2026 winter crop season, township-level targets for onion cultivation in Monywa District were set at 7,350 acres in Monywa Township, 3,100 acres in Budalin Township, 263 acres in Ayadaw Township, and 520 acres in ChaungU Township, totalling 11,233 acres, it is learned.

In Monywa District, the respective Township Departments of Agriculture are supporting onion farmers by facilitating market linkages to obtain better prices, providing technical guidance on long-term storage of onions, promoting cultivation under the GAP (Good Agricultural Practices) system, and assisting in the production of high-quality onions, according to reports.

Onion farmers reportedly incur production costs of around Ks-1.8 million per acre, with an average yield of about 5,000 viss per acre.

In Sagaing Region, onions are widely cultivated, and the townships with the largest onion-growing areas include Monywa, Yinmabin, ChaungU, Shwebo, and Myinmu. **SK**

# Merchants from Nyaungdon Township supply large number of rice bags to Yangon market within one month



NYAUNGDON March 11

Merchants from Nyaungdon Township of Ayeyawady Region sent 66,000 bags of Emahta rice to Yangon market within one month, said Daw Moe Moe, the owner of rice and paddy trading depot in Nyaungdon Township.

Up to 66,000 bags of Emahta rice (24 pyi per bag) were transported and sold from Nyaungdon Township to the Yangon market.

"When compared with other rice varieties, sales and shipments have been performing well," said Daw Moe Moe, a rice and paddy trading depot operator in Nyaungdon Township. "Over the past month, large volumes of Emahta paddy were shipped from Nyaungdon Township to the Yangon market. The quality of the rice being shipped needs to be good. Agricultural products from Nyaungdon Township are mostly transported and sold in the Yangon market. The Emahta rice being shipped is a low-grade rice variety, and there are also many purchase inquiries and linkages this month," she added.

It is also reported that during the past month, Emahta rice (24 pyi per bag) shipped from Nyaungdon Township to the Yangon market was trading at prices of up to Ks-92,000 per bag. As trading in this paddy has improved, farmers, traders, cargo handlers, and freight truck rental operators are benefiting from increased employment opportunities. **SK**

# Vegetable plantations harvested in Pwintbyu Township

PWINTBYU March 11

Local farmers harvested all plantations of vegetables planted in cold season in Pwintbyu Township of Magway Region, according to the Township Agriculture Department.

During the winter crop cultivation season in Pwintbyu Township, a total of 1,865 acres of vegetables were cultivated. Harvesting of these vegetable farms began in December, and as of today, 100 percent of the cultivated acreage has been fully harvested. Average yields are reported at 3,690 viss of vegetables per acre.

"During the winter crop cultivation season in Pwintbyu Township, 1,602 acres were initially earmarked for vegetable cultivation, but actual planting reached 1,865 acres. Harvesting of these vegetable farms began in December 2025, and today all acreage has been fully harvested. In terms of yield, vegetables produced amount to 3,690 viss per acre. The main vegetables cultivated include mustard greens, chilli, coriander, potatoes, cabbage, cauliflower, eggplant, white radish, cucumber, bottle gourd, pumpkin, okra, long bean, and water spinach. To ensure that all vegetables are grown using the GAP (Good Agricultural Practices) system, with minimal chemical residues and in a health-compliant manner, technical supervision and on-site guidance were provided," said Daw Moe Moe Wai, Township Head of the Pwintbyu Township Department of Agriculture.

During the winter crop season in Pwintbyu Township, the Township Department of Agriculture conducted field-based awareness and extension activities for vegetable farmers to ensure correct cultivation techniques, prevent pest and disease infestations, promote the production and use of natural fertilizers and natural pesticides, and enable the expansion of vegetable cultivation acreage.

If vegetables are cultivated with good yields and quality, they can ensure sufficient local consumption while surplus produce can be sold, generating income and contributing to socio-economic development. Therefore, efforts should be made to expand vegetable cultivation across all suitable areas, Daw Moe Moe Wai, Township Head of the Pwintbyu Township Department of Agriculture. **SMK**

# Large quantities of banana bunches sent to Yangon market



KYAIKLAT March 11

Businesspersons from Kyaiklat Township of Ayeyawady Region supplied a large quantities of banana bunches to Yangon market said Daw Aye Myat, the owner of banana trading commodity in Kyaiklat Township.

It is reported that up to 750,000 bunches of Pheegyan bananas were transported and sold from Kyaiklat Township to the Yangon market.

"Over the past month, shipments of Pheegyan bananas to Yangon have been strong," said Daw Aye Myat, a banana trading depot operator in Kyaiklat Township. "Locally produced fruits are mainly transported and sold in the Yangon market. Domestic demand for bananas remains high. Most of the bananas shipped to the Yangon market were Pheegyan bananas. At present, banana prices have eased slightly compared to before, and buying and selling are proceeding smoothly," she added.

It is also reported that during the past month, Pheegyan bananas shipped from Kyaiklat Township to the Yangon market were trading at prices of up to Ks-144,500 per 100 bunches. As trading in these locally produced bananas continues, workers, traders, and growers are benefiting from improved livelihoods. **SMK**

# US must come clean over Iranian school bombing – Tucker Carlson

WASHINGTON March 11

The United States is "not worth fighting for" if it carried out the bombing of an Iranian school but refuses to admit responsibility, American journalist Tucker Carlson has said.

Speaking on his YouTube podcast on Tuesday, Carlson insisted that the country cannot claim the moral high ground if it avoids acknowledging civilian casualties. He was referring to a strike on a school in the southern Iranian city of Minab on February 28, the first day of large-scale US-Israeli attacks on Iran. Iranian reports said more than 160 people were killed.

Several investigations by American media outlets have suggested that the strike involved a US Tomahawk cruise missile. President Donald Trump has rejected the allegation and suggested Iran itself may have been responsible.

Carlson said the United States must "behave with honor" if it wants to maintain moral credibility, adding that if the schoolgirls were killed accidentally, Washington should publicly acknowledge it rather than deny involvement.

He urged a full investigation into the matter to confirm that the attack was indeed a "tragic mistake," pointing to the school's location next to an Iranian military compound and noting it was apparently the institution of choice for officers' children.

Open admission of the mistake would allow the US to keep its honor, Carlson continued. "Because if you wake up in the morning and you're living in the kind of country that thinks it's okay to kill not simply military officers but their daughters, that country is not worth fighting for."

A New York Times analysis on Tuesday suggested that popular support for the Iran war is the lowest compared to other US military involvements abroad, starting from World War II. A Reuters/Ipsos poll in early March indicated that only one in four Americans approves of the US-Israeli attack on Iran.

Trump, however, has dismissed the polling, saying he has "to do the right thing" and not allow Iran to acquire nuclear weapons – something Tehran consistently said it has no plan to do.

Carlson, who previously was generally supportive of Trump's policies, has condemned the Iran war as "absolutely disgusting and evil." In response, Trump claimed that the journalist "has lost his way" and is not really part of the MAGA movement. **RT**

# Putin holds telephone conversation with President of UAE

MOSCOW March 11

Russian President Vladimir Putin held a telephone conversation with UAE President Mohammed bin Zayed Al Nahyan, the Kremlin said on Wednesday.

"Russian President Vladimir Putin had a telephone conversation with President of the United Arab Emirates Mohammed Bin Zayed Al Nahyan," the statement said.

Putin expressed gratitude to Al Nahyan for the assistance and support provided to Russians staying in the UAE, the statement said.

"Vladimir Putin warmly congratulated Mohammed Bin Zayed Al Nahyan on his 65th birthday, wished him good health, prosperity and further success, and noted his great personal contribution to strengthening the strategic partnership between Russia and the UAE," the statement said.

The presidents exchanged views on the dangerously deteriorating situation in the Middle East region, and Putin stressed the need to stop the escalation of the conflict in the Middle East and resolve it through negotiations, the statement said.

**Sputnik**

# Thai cargo ship attacked in Strait of Hormuz, 20 crew rescued

BANGKOK March 11

A Thai cargo ship came under attack on Wednesday while sailing in the Strait of Hormuz, said the Royal Thai Navy. So far, 20 crew members have been rescued and taken to Oman for settlement.

The vessel involved is the Mayuree Naree, owned by Precious Shipping PCL, which departed from a port in Khalifa, the United Arab Emirates, in the early hours of Wednesday and was attacked around 11 a.m. local time in the Strait of Hormuz.

Following the incident, the Royal Thai Navy immediately coordinated rescue efforts. The Royal Navy of Oman has rescued 20 Thai crew members and transported them to Khasab, Oman. Authorities are continuing to search for the remaining three crew members. The Thai Navy added that the exact cause of the attack is under investigation. **Xinhua**




# At least 6 dead in postal bus fire in Switzerland



GENEVA March 11

At least six people were killed and five others injured after a fire broke out on a postal bus on Tuesday evening in Kerzers, in the canton of Fribourg in western Switzerland, cantonal police said at a press conference.

Among the injured, including one rescuer, three were reported to be in serious condition.

Police said no other vehicle was involved in the incident and added that a human cause was likely. "A deliberate act could be the cause," the police said. **Xinhua**

# IEA members agree to release emergency oil reserves

PARIS March 11

The International Energy Agency (IEA) has recommended a release of 400 million barrels of oil from stockpiles, the largest such move in IEA history, Executive Director Fatih Birol said on Wednesday.

The 32 member countries unanimously agreed to make available to the market 400 million barrels of oil from their emergency reserves, Birol said at a press conference.

The release would take place over a timeframe appropriate to the national circumstances of each member country, he added.

According to Birol, the IEA secretariat will provide further details of how this collective action will be implemented in due course, and the agency will continue to closely monitor global oil and gas markets. **Xinhua**

# 3 dead, 4 injured in northern Spain residential building fire

MADRID March 11

Three people were killed and four others injured in a residential building fire late Tuesday in Spain's northern province of Burgos, local authorities said.

Regional emergency services said they received several calls at 10:44 p.m. local time (2144 GMT) reporting the blaze. Local police, firefighters and medical teams arrived immediately on the scene.

All seven people were treated at the scene, two were confirmed dead there, and the other five were taken to hospitals, one of whom later died there.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Are potatoes, rice and bread actually healthy? The best carbs to eat - and the cooking trick that may lower bowel cancer risk



Carbs have been getting a bad rap in recent years – some say unfairly. Blame low-carb diets – the weight-loss trend that's led many people to believe foods such as potatoes, pasta and fruit are inherently unhealthy.

In truth, diet experts who actually know what they're talking about insist this is a myth.

The real issue is not carbohydrates themselves, but highly processed carbs stripped of fibre, such as white bread, sugary cereals and sweet snacks, says consultant dietitian Sophie Medlin, director of CityDietitians.

Whole-food carbohydrate sources – including grains, beans, vegetables and fruit – provide energy, fibre, vitamins and minerals and are consistently linked in large population studies to lower risks of heart disease, type 2 diabetes and some cancers.

Fibre slows the absorption of sugar into the bloodstream, supports beneficial gut bacteria and helps people feel full for longer, all of which can actually aid being a healthy weight.

The key, say experts, is how carbs are cooked and what they are served with can make a dramatic difference – and adding butter, cream, cheese or large amounts of oil can transform a relatively modest dish into something far more calorific.

With that in mind, we asked consultant Ms Medlin, director of CityDietitians, gave the Daily Mail her views on the healthiest carbohydrate foods we should all be eating regularly – and reveal what they actually contain.

**Are potatoes healthy? The truth about calories, nutrients and cooking methods**

Few foods have been as unfairly criticised as the humble potato – often the first thing people cut when trying to lose weight.

In reality, potatoes themselves are relatively low in calories and packed with nutrients.

A medium baked potato weighing around 180g contains roughly 160 calories – similar to a slice of wholemeal bread with butter but far more filling – and about 4g of fibre if the skin is eaten.

It also provides around 900mg of potassium, a mineral that helps regulate blood pressure and support muscle and nerve function – more than a medium banana.

Potatoes are also a good source of vitamin C, important for immune function and skin health, as well as B vitamins, including vitamin B6, which help the body release energy from food.

Their unhealthy reputation usually comes down to how they are cooked.

Boiled potatoes contain roughly 90 calories per 100g, but deep-frying dramatically increases this figure because of the oil absorbed during cooking.

French fries can contain more than 300 calories per 100g, while roasting in oil, mashing with cream and butter, or loading potatoes with cheese can easily double or triple the calories.

There is also an interesting nutritional quirk. Cooking and cooling potatoes – for example in potato salad – increases their resistant starch content, explains dietitian Sophie Medlin.

This means fewer calories are absorbed. Resistant starch also acts similarly to fibre, feeding beneficial gut bacteria and helping support blood sugar control.

**Oats - the high-fibre breakfast carb that can lower cholesterol**

Oats are widely considered one of the healthiest carbohydrate foods because they are rich in beta-glucan, a soluble fibre shown to help reduce LDL cholesterol.

A typical 40g portion of oats contains around 150 calories, 27g of carbohydrates, about 4g of fibre and 5g of protein.

The fibre slows digestion, preventing sharp spikes in blood sugar and helping people stay fuller for longer.

This is why porridge is often far more filling than many processed breakfast cereals, which may contain similar calories but far less fibre.

**Whole grains – the carbs linked to better heart health**

Whole grains such as brown rice, barley, quinoa and wholegrain pasta contain the entire grain kernel – including the fibre-rich bran and nutrient-dense germ.

Refined grains such as white rice or white pasta remove these layers, stripping away much of the fibre and nutrients.

Although pasta is processed, whole-grain pasta is made using flour ground from the entire wheat grain, meaning much of the fibre and nutrients remain.

A 75g portion of whole-grain pasta provides around 3–4g of fibre, compared with roughly 1–2g in white pasta.

That difference can quickly add up across the day. Most adults in the UK consume around 18g of fibre daily, well below the recommended 30g.

Whole grains also digest more slowly, leading to a steadier release of glucose into the bloodstream.

Studies suggest people who eat around three servings of whole grains daily have roughly a 20–30 percent lower risk of heart disease.

Ms Medlin said: 'Wholegrains like oats, barley, wheat and beans contain resistant starch. These help control blood sugar, keep us fuller for longer and support our gut bacteria.

**Beans and lentils - carbs that are also high in protein**

Legumes such as lentils, chickpeas and black beans are among the most nutritionally dense carbohydrate foods.

A 100g portion of cooked lentils contains around 115 calories, 20g of carbohydrates, about 8g of fibre and roughly 9g of protein.

While they are not considered complete proteins, combining legumes with grains – such as beans on toast or rice and beans – provides a broader amino acid profile.

'A good example is beans on toast, with grain protein coming from the bread,' says Ms Medlin.

Having a range of protein sources in the diet – including animal and plant foods – is the most balanced approach.

'If we increase foods like beans, which are high in fibre, and reduce meat consumption, we're likely to improve overall health.'

Beans and lentils are also rich in resistant starch.

**Sweet potatoes - a vitamin-rich alternative**

Sweet potatoes provide many of the same benefits as regular potatoes but contain particularly high levels of beta-carotene, which the body converts into vitamin A.

A medium sweet potato (around 130g) contains roughly 110 calories, 26g of carbohydrates and about 4g of fibre.

Boiling or baking them whole keeps calorie density modest.

However, cubing and roasting sweet potatoes for long periods removes water, concentrating their sugars – similar to what happens when fruit is dried – making them easier to overeat.

Frying sweet potatoes as chips or fries increases calories even further because the flesh absorbs oil.


**Mail Online**

**၁ ကျောဖုံးမှအဆက်**

မော်တော်ဆိုင်ကယ်များအတွက် Wheel Tax ပါအချက်အလက်များကိုအသုံးပြုပြီး QR Code ထုတ်ပေး၍ လည်းကောင်း Application ဖြင့်အလိုအလျောက်စစ်ဆေးသည့်နည်းလမ်းဖြင့် စိစစ်ရောင်းချပေးသွားမည်ဖြစ်ပါသည်။

မော်တော်ယာဉ်များအတွက် Wheel Tax တွင်ပါရှိသော Barcode အား ဆိုင်ဝန်ထမ်းမှ Scan ဖတ်၍ စနစ်မှအလိုအလျောက်စစ်ဆေးပြီး တစ်ရက်အတွင်း တစ်ကြိမ်မျှ စက်သုံးဆီဝယ်ယူထားခြင်းမရှိသေးပါက စက်သုံးဆီများဆက်လက်ရောင်းချပေးမည်ဖြစ်ပါသည်။ အကယ်၍ တစ်ရက်အတွင်း နောက်တစ်ကြိမ်ထပ်မံဝယ်ယူရန် မည်သည့်ဆိုင်တွင်မဆို Scan ဖတ်ပါက ၎င်းရက်အတွင်း ပထမအကြိမ်ဝယ်ယူခဲ့မှုကိုဖော်ပြပေးမည်ဖြစ်ကာ ဆီဝယ်ယူခွင့်ရရှိမည်မဟုတ်ဘဲ နောက်တစ်ရက်တွင်မှသာ ထပ်မံဝယ်ယူခွင့်ရရှိမည်ဖြစ်ပါသည်။ တစ်ရက်အတွင်း တစ်ကြိမ်ဝယ်ယူပြီးနောက် ထပ်မံတန်းစီဝယ်ယူမှုများမရှိစေရေး စိစစ်တားမြစ်သွားမည်ဖြစ်ပါသည်။


Barcode Scan ဖတ်မည်



တစ်ရက်အတွင်းစက်သုံးဆီမဝယ်ရသေးသောယာဉ် Barcode Scan ဖတ်လျှင် တွေ့ရမည့်အခြေအနေ



၎င်းရက်တွင် ဒုတိယအကြိမ်ဝယ်ပါက Barcode Scan ဖတ်လျှင် တွေ့ရမည့်အခြေအနေ


စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်ရှိ Online Monitoring Center တွင် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကြပ်မတ်လျက်ရှိမှု အခြေအနေ။




နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့ရှိ အရောင်းဆိုင်ဝန်ထမ်းများအား အသုံးပြုမည့် Control System စနစ်နှင့်စပ်လျဉ်း၍ လေ့ကျင့်သင်တန်းပေးခဲ့မှုမှတ်တမ်းဓာတ်ပုံ။

မော်တော်ဆိုင်ကယ်များ၏ Wheel Tax တွင် Barcode မပါရှိသည့်အတွက် အရောင်းဆိုင်တွင် QR Code များထုတ်ယူရမည်ဖြစ်ပါသည်။ ယင်းသို့ထုတ်ယူနိုင်ရေးအတွက် ယာဉ်ပိုင်ရှင်များအနေဖြင့် ဆိုင်ကယ်၏ Wheel Tax အား အရောင်းဆိုင်ဝန်ထမ်းသို့ပေးအပ်ပြီး ဝန်ထမ်းမှ Application တွင် ယာဉ်နံပါတ်နှင့်သက်တမ်းကုန်ဆုံးရက်များဖြည့်သွင်းကာ QR Code ထုတ်ပေးမည်ဖြစ်ပါသည်။ ယင်း QR Code ကို ပိုင်ရှင်အနေဖြင့် ဖုန်းဖြင့်ဓာတ်ပုံရိုက်ယူခြင်း သို့မဟုတ် အရောင်းဆိုင်မှ Print ထုတ်ပေးခြင်းဖြင့် ရယူသိမ်းဆည်းထားရှိရန်လိုအပ်မည်ဖြစ်ပါသည်။ စက်သုံးဆီဝယ်ယူသည့်အခါတိုင်း ၎င်း QR Code အား အရောင်းဆိုင်ဝန်ထမ်းသို့ပြသဝယ်ယူနိုင်မည်ဖြစ်ပြီး မော်တော်ယာဉ်များတွင်စိစစ်သကဲ့သို့ တစ်ရက်အတွင်း ၂ ကြိမ် (သို့မဟုတ်) ၃ ကြိမ်ဝယ်ယူမှုမရှိစေရေး စနစ်မှအလိုအလျောက်စစ်ဆေးရောင်းချပေးသွားမည်ဖြစ်ပါသည်။



ဆိုင်ကယ်နံပါတ်နှင့် လိုင်စင်သက်တမ်းကုန်ဆုံးရက်ဖြည့်သွင်းရန်



QR Code ကို ဓာတ်ပုံရိုက်ယူရန် သို့မဟုတ် Print ထုတ်ယူရန်

အရောင်းဆိုင်များမှ စက်သုံးဆီများစိစစ်ရောင်းချရာတွင် နိုင်ငံတော်မှထုတ်ပြန်ထားရှိသည့်မူဝါဒများနှင့်အညီ ယာဉ်အသုံးပြုခွင့် ခွင့်ပြုထားမှုအလိုက် စက်သုံးဆီရောင်းချနိုင်ရေးကိုလည်း တစ်ပါတည်းစစ်ဆေးမည်ဖြစ်ပါသဖြင့် မိမိယာဉ်အသုံးပြုခွင့်ရှိသည့်ရက်များအတွက်သာ စက်သုံးဆီဝယ်ယူခွင့်ရရှိမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် ၁၂-၃-၂၀၂၆ ရက်နေ့မှစတင်၍ စက်သုံးဆီအရောင်းဆိုင်များ၌ Application ဖြင့် အလိုအလျောက်စစ်ဆေးသည့်နည်းလမ်းကို စမ်းသပ်အသုံးပြုသွားမည်ဖြစ်ပြီး စနစ်အား လိုအပ်သောစစ်ဆေးပြုပြင်မှုများဆောင်ရွက်ပြီးပါက ကျန်မြို့ကြီးများတွင်လည်း ဆက်လက်၍ Application ကိုအသုံးပြုသွားမည်ဖြစ်ပါသည်။

ပြည်သူများ၏ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးမှုများကြောင့် စက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်တန်းစီမှုများလျော့ကျသွားပြီး ပုံမှန်ဖြန့်ဖြူးရောင်းချနိုင်သည့်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း နေပြည်တော်ရှိရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Online Monitoring Center တွင် စက်သုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းစဉ်(Supply Chain)တစ်လျှောက်ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကြပ်မတ်လျက်ရှိခြင်း၊ စက်သုံးဆီရောင်းချမှုများနှင့်ပတ်သက်၍ မြို့ကြီးများရှိ စက်သုံးဆီအရောင်းဆိုင်များတွင်ရောင်းချပေးသည့် ယာဉ်အမျိုးအစားနှင့်ယာဉ်နံပါတ်၊ ဆီအမျိုးအစားနှင့် ပမာဏ၊ ရောင်းချပေးသည့်ဈေးနှုန်း စသည်တို့ကိုလည်း အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်ကြပ်မတ်လျက်ရှိခြင်းတို့အပြင် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးကိုလည်း အစီအမံအတိုင်း အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "HEHO News Ko Zawe" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အမှတ်(၅)ရပ်ကွက်နေ ခင်မောင်ထွေး(ခ)လေးငယ်(ခ)ဇဝီအားမွန်းလွဲ ၂ နာရီခွဲတွင် ဟဲဟိုးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲပထမနေ့ဖြေဆိုနေမှုမြင်ကွင်းဓာတ်ပုံများ

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၁ ရက်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ စတင်ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ဖြေဆိုနေမှုမြင်ကွင်းဓာတ်ပုံများကို ဖော်ပြလိုက်ပါသည်။

ရန်ကုန်သတင်းအဖွဲ့


တွံတေးမြို့နယ်


ဗဟန်းမြို့နယ်


ရန်ကင်းမြို့နယ်


ဒဂုံ (ဆိပ်ကမ်း) မြို့နယ်


ကော့မှူးမြို့နယ်


မင်္ဂလာတောင်ညွန့်မြို့နယ်


ဗိုလ်တထောင်မြို့နယ်



အင်းစိန်မြို့နယ်

# ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်သူနာပြုများအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်



နေပြည်တော် မတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာနမှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)ရရှိသော သစ်လွင်သူနာပြုများကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သားဖွားသင်တန်းကျောင်း ဘက်စုံသုံးခန်းမကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ နှစ်စဉ်တိုးမြှင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခုအလုပ်ခန့်အပ်တာဝန်ပေးအပ်ခံရမည့် သူနာပြုဆရာ/ဆရာမများအနေဖြင့် မိမိတို့တာဝန်ကျရာ နေရာဒေသအသီးသီးသို့ သွားရောက်၍ ပြည်သူလူထုကိုကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မိမိတို့အသက်မွေးဝမ်းကျောင်းဆိုင်ရာကျင့်ဝတ်များကို လိုက်နာကျင့်ကြံကြစေလိုကြောင်း၊ ပြည်သူလူထုမှ မိမိတို့ (Professional) ကို အားကိုးယုံကြည်မှုရရှိအောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် သူနာပြုများရာထူးအဆင့်အလိုက်လစာနှုန်းထားတိုးမြှင့်နိုင်ရေးနှင့် ထပ်ဆောင်းချီးမြှင့်ငွေများ လစဉ်ခံစားနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် သူနာပြုသင်တန်းကျောင်းများကို သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က သူနာပြုစုမှုဆိုင်ရာ အတတ်ပညာများကို အခြေခံပြီး လူနာများကို Nursing Care Standard များနှင့်အညီ ပြုစုစောင့်ရှောက်ပေးပြီး သူနာပြုအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် Nursing Professional ၏အကျိုး၊ ပြည်သူလူထုအကျိုးကိုဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်) ရရှိသည့် သူနာပြုတက္ကသိုလ် (ရန်ကုန်)နှင့် သူနာပြုတက္ကသိုလ်(မန္တလေး)တို့မှ သူနာပြုများကိုယ်စား သစ်လွင် သူနာပြုနှစ်ဦးတို့ကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများ ပေးအပ်သည်။

ယနေ့တွင် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)ရရှိသည့် သူနာပြုတက္ကသိုလ် (ရန်ကုန်)နှင့် သူနာပြုတက္ကသိုလ်(မန္တလေး)တို့မှ သစ်လွင်သူနာပြု ၄၅၁ ဦးတို့ကို ခန့်အပ်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှ ယနေ့ထိ ကျန်းမာရေးဝန်ကြီးဌာနမှ သူနာပြု(သိပ္ပံ)ဘွဲ့ရ သစ်လွင်သူနာပြု ၈၉၈ ဦး၊ သူနာပြုဒီပလိုမာ သစ်လွင်သူနာပြု ၅၈၉၃ ဦး၊ သစ်လွင်သားဖွားဆရာမ ၁၅၅၄ ဦး ခန့်ထားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ် မေလတွင် သူနာပြုဒီပလိုမာသုံးနှစ် သင်တန်းဆင်းမည့် သင်တန်းသား၊ သင်တန်းသူ ၁၄၅၃ ဦး တို့အား သစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြဝတီ**

**○ ကျောဖုံးမှအဆက်**

တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် ဒိုင်လူကြီးများအား အမှတ်တရဆုများပေးအပ်သည်။

ထို့နောက် Century Beverage Co.,Ltd. မှ Managing Director ဦးစိုင်းဝင်းအောင်က ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် Gold Dream FC အသင်းအား အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၅ သိန်းအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ပြိုင်ပွဲတွင်အကောင်းဆုံးဂိုးသမားဆုရရှိသည့် YCDC Dream Team အသင်းမှ ကျော်ရဲသွေးအား အမှတ်တရဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၅ သိန်းအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးက ပြိုင်ပွဲတွင် အကောင်းဆုံးကစားသမားဆု ရရှိသည့် YRG FC မှ ကိုကိုလွင်အား အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်၅ သိန်းအားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက စတုတ္ထဆုရရှိသည့် M2K FC အသင်းအား ဆုကြေးငွေကျပ်သိန်း ၃၀ အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့စီးပွားရေးဝန်ကြီး ဦးမျိုးမြင့်အောင်က တတိယဆုရရှိသည့် MIU FC အသင်းအား ဆုကြေးငွေကျပ်သိန်း ၅၀ နှင့် တစ်ဦးချင်း ဆုတံဆိပ်များအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန်ဦးဗိုလ်ဌေးက ဒုတိယဆုရရှိသည့် YCDC Dream Team FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၀၀ အားလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ချန်ပီယံဆုရရှိသည့် YRG FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၅၀ ကိုပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးစိုးသိန်းက ချန်ပီယံဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဝန်းရံခ**

# ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၅၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ မတ် ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံ စိုက်ပျိုးရာသီတွင် စပါးဧက ၅၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၃၃၂၃၅ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၂၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရန်နဲ့ အထွက်နှုန်းများကောင်းမွန်စေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့ အသိပညာပေးတာ၊ စိုက်ပျိုးရေလေလွင့်မှုမရှိအောင် စနစ်တကျရယူသုံးစွဲတတ်စေရေး အသိပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ စပါးစိုက်တောင်သူများကို တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိအောင်ဆောင်ရွက်ပေးခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## စွမ်းရည်ပြည့် တို့တပ်မတော်
## (တေးထပ်)

✤ တို့တပ်မတော် အင်အားပြည့်
ထင်ရှားသည့် ကြည်း၊ ရေ၊ လေ
သင်ကြားသည့် နည်းအထွေထွေ
ခရီးရှည် လျှောက်သွား။
အောင်မြဲတည့် အောင်ဓွဲသန်သည်
အောင်ပွဲခံ အောင်စိတ်တည်ပွား။

✤ ဖွံ့ဖြိုးလို့ တိုးပွားလျှံအောင်
နိုးကြားဉာဏ် ရှိသား။
ဘိုးဘွားစံ တစ်မိဖွားတွေမို့
ကတိစကား ခိုင်ကျည်။
တို့နိုင်ငံ စည်သာအေးဖို့
ပြည်ရွာအရေး စောင့်ကြပ်နေသည်။

✤ သမ္ဘာက ကမ္ဘာတည်တယ်
အာဇာနည် မျိုးရိုးမို့
တိုးတိုးလို့ လှမ်းချီကာ
ထမ်းရွက်ညီညာ။
စွမ်းရည်ပြည့် စစ်အင်္ဂါရယ်
သစ်လွင်ကာ ခေတ်မီလို့လေး...။

✤ ဗျူဟာမြောက် ပွဲတွေ့သာအောင်
မြဲလေ့လာ ဆည်းပူးလို့လေး....။

✤ လေ့ကျင့်မှု အစဉ်တစိုက်ပါကွယ်
အစဉ်လိုက်နာ ကျင့်သုံးလို့လေး.....။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# ယခုဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၉၀၀၀ ကျော်တင်ပို့နိုင်ခဲ့

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၉၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်ကနေ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်အထိ ပြည်ပကို ပုစွန်မက်ထရစ်တန် ၉၄၃၀ ဒသမ ၄၂၉ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၃၆၅ သန်းရရှိခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ၂၈ ရက်အထိ ၁၁ လတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၈၅၁၆ ဒသမ ၀၃၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၃၇၇ သန်းရရှိခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၉၁၄ ဒသမ ၃၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၈၈ သန်းရရှိသည့်အတွက် စုစုပေါင်းမက်ထရစ်တန် ၉၄၃၀ ဒသမ ၄၂၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၃၆၅ သန်းရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် ယခင်ဘဏ္ဍာနှစ်ကာလတူက မက်ထရစ်တန် ၇၉၆၈ ဒသမ ၁၉၇ တန်တင်ပို့ခဲ့သည့်အတွက် ယခုဘဏ္ဍာနှစ်ကာလတူတွင် ပုစွန်မက်ထရစ်တန် ၁၄၆၂ ဒသမ ၂၃၂ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့် ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။ **စောယု**

# ၂၀၂၆ ခုနှစ် မတ်လ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် မတ် ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက် မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၃ ဒီဂရီဖာရင်ဟိုက် မှ ၉၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၃ ဒီဂရီဖာရင်ဟိုက်မှ ၁၀၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၅ ဒီဂရီဖာရင်ဟိုက်မှ ၆၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၄၅ ရာခိုင်နှုန်းမှ ၅၄ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅၅ ရာခိုင်နှုန်းမှ ၆၄ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၄ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၃၅ မီလီမီတာမှ ၄၅ မီလီမီတာအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၆ မီလီမီတာမှ ၅၆ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၅၇ မီလီမီတာမှ ၆၈ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။ (မိုး/ဇလ)

# ၁၁-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ၂၀၂၆ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီး ဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၃-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၂၅ | ၂၆၄၀ | ၂၆၀၅ | ၂၅၄၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၈၀ | ၂၆၀၀ | ၄၅၀၅ | ၂၈၉၀ | ၂၆၁၅ | ၂၈၇၅ | ၂၆၈၅ | ၂၆၅၀ | ၂၆၇၅ | ၂၉၃၀ |
| 95 Ron | ၂၅၉၅ | ၂၇၁၀ | ၂၆၇၅ | ၂၆၁၀ | ၂၇၁၅ | ၂၇၃၀ | ၂၇၅၀ | ၂၆၇၀ | ၄၅၆၀ | ၂၉၆၀ | ၂၆၈၅ | ၂၉၅၅ | ၂၇၅၅ | ၂၇၂၀ | ၂၇၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၇၂၀ | ၂၆၉၀ | ၂၆၂၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၈၀ | - | ၂၈၇၅ | ၂၆၉၅ | ၃၃၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၅၅ | ၃၀၁၀ |
| HSD (50 ppm) | ၂၉၀၅ | ၃၀၂၀ | ၂၉၈၅ | ၂၉၂၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၅ | ၂၈၇၅ | ၄၈၃၀ | ၃၂၇၀ | ၂၉၉၀ | ၃၄၁၀ | ၃၀၆၅ | ၃၀၃၀ | ၃၀၅၀ | ၃၃၀၅ |
| HSD (10 ppm) | ၂၉၀၅ | ၃၀၂၀ | ၂၉၈၅ | ၂၉၂၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၅ | ၂၈၇၅ | - | ၃၂၇၀ | ၂၉၉၀ | ၃၄၁၀ | ၃၀၆၅ | ၃၀၃၀ | ၃၀၅၀ | ၃၃၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၇၀ | ၂၄၅၀ |
| 95 Ron | ၂၄၃၈ | ၂၅၂၀ |
| HSD (500 ppm) | ၂၄၄၉ | ၂၅၂၈ |
| HSD (50 ppm) | ၂၇၃၅ | ၂၈၁၉ |
| HSD (10 ppm) | ၂၇၃၅ | ၂၈၁၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇
၀၆၇–၄၁၁၂၈၂၊ ၀၉–၄၀၁၇၄၈၅၉၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများစာရင်း

**စစ်ချီသီချင်း**

၁။ **ကြည်း၊ ရေ၊ လေ သည် ထာဝရညီ** ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **တပ်မတော်သားပီပီ** ဒုတိယဆု
မိုးမြင့်ဦး (လုပ်သား-ရှုပ)

၃။ **ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော်** တတိယဆု
ခန့်ငြား (ကေတုမတီ)

၄။ **ပြည်သူ့အတွက် ဒို့တပ်မတော်** စတုတ္ထဆု
ဇော်မျိုးထွန်း(အုပ်ခွဲတပ်ကြပ်ကြီး)

၅။ **မျိုးချစ်ဒို့စစ်သည်** ပဉ္စမဆု
ဗိုလ်ထိန် (မီးသတ်)

**စစ်သည်တေးသီချင်း**

၁။ **သူရဲကောင်းစစ်သည်** ပထမဆု
စုစုဇော်(သီရိခေတ္တရာ)

၂။ **ဂုဏ်ပြုလျက်ပါအဖေ** ဒုတိယဆု
ခင်ငြိမ်းချမ်းစိုး(သဇင် FM)

၃။ **ကျွန်တော်စစ်သားပါ** တတိယဆု
ကျော်ဆွေအောင်

၄။ **မေ့စစ်သားမောင်** စတုတ္ထဆု
ကေသီအောင်

၅။ **တုန့်နှိုင်းမဲ့စစ်သည်တွေ** ပဉ္စမဆု
လှိုင်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော်** ပထမဆု
ထွန်းထွန်း(လားရှိုး)

၂။ **နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော်** ဒုတိယဆု
မြတ်မင်းသန့်

၃။ **ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ဘည်းမော်ကွန်း** တတိယဆု
ရဲကျော်

၄။ **စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ** စတုတ္ထဆု
ကြေးမုံဖြိုးသန့်( ရွှေရတု)

၅။ **ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စို့လေး** ပဉ္စမဆု
ထာဝရမွန် (ဂုဏ်ထူးတန်း)

**ကဗျာ(အလွတ်တန်း)**

၁။ **ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း** ပထမဆု
ရဲမင်းစိုး

၂။ **ပြည်ထောင်စုရဲ့ တို့တပ်မတော် နိုင်ငံရွှေခေတ် ပြန်ထုတ်ဖော်** ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ဗန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော်** တတိယဆု
မျိုးစစ်သည်

၄။ **ရွှေရောင်လင်းသည့်နိုင်ငံတော်နှင့် ပြည်သူချစ်သောတပ်မတော်** စတုတ္ထဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၅။ **အရေးသုံးပါးဦးထိပ်ထား** ပဉ္စမဆု
မောင်အေးသန်း(ကြို့ပင်ကောက်)

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ်** ပထမဆု
မနောဖြူ

၂။ **မုန်းမုန်း ချစ်ချစ်** ဒုတိယဆု
မနောသစ်(ပခုက္ကူ)

၃။ **သူရဲကောင်းတို့၏ ဒိုင်ယာရီ** တတိယဆု
ရဲမွန်ကျော်

၄။ **အလေးပြုပါသည် ဆရာဖိုးနီ** စတုတ္ထဆု
မောင်အေးချမ်း(ဓနုဖြူ)

၅။ **အမေဂုဏ်ယူနေပါတော့** ပဉ္စမဆု
ကိုစော (ပထဝီဝင်)

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **ဝတ်မှုံကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ** ပထမဆု
ကျော်တေဇ(ဥက္ကလာ)

၂။ **ပစ်မထားရက်ခဲ့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **မအေးမြရဲ့ သတ္တိသွေးပျံ့နှံ့လို့နေပါပြီ** တတိယဆု
နွေးထက်လှိုင်

၄။ **စစ်ကိုမုန်းခဲ့သော်လည်း** စတုတ္ထဆု
မင်းလပြည့်(ဟားခါး)

၅။ **သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား** ပဉ္စမဆု
မောင်မောင်လွင်(ရွှေဘိုသား)

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **တိမ်တိုက်တွေရဲ့အဖြူရောင်သက်တံ** ပထမဆု
အမောင်

၂။ **အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ** ဒုတိယဆု
ရှားမိန်း

၃။ **စစ်သားဂုဏ်ရည်** တတိယဆု
ကျော်စိုး(ဒိုက်ဦး)

၄။ **စိန်ပန်းနီနီနှလုံးသား** စတုတ္ထဆု
ဟန်ညွန့်(ယဉ်ကျေးမှု)

၅။ **လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည်** ပဉ္စမဆု
တင်ဦး(ရန်ကင်း)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **သစ္စာစမ်းမှာ ပန်းစုံလန်းသည်** ပထမဆု
ပိုင်ဇင်ဇော်(သတ္တု)

၂။ **လက်ဆင့်ကမ်းအမွေ** ဒုတိယဆု
ခန့်ပိုင်

၃။ **မလေးမောင်ချစ်မငြီးနိုင်** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ** စတုတ္ထဆု
မောင်စူးရှ(အနောက်ရိုးမ)

၅။ **ရွှံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်၌** ပဉ္စမဆု
ရဲခေါင်

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ငဖဲမြို့နယ်၌ မန်းချောင်းရေလှောင်တမံဆည်ရေဖြင့် နွေစပါး ၁၂၇၁ ကေလျာထားစိုက်ပျိုး

ငဖဲ မတ် ၁၁

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ဒေသတွင်း ဆန်စပါးဖူလုံပိုလျှံစေရေးအတွက် ၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံဆည်ရေဖြင့် နွေစပါးစိုက်ပျိုးရန် ၁၂၇၁ ဧက လျာထားခဲ့ရာ ယနေ့ထိ ၄၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းသိရသည်။



၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ အဆင်ပြေစွာထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီလ လဆန်းပိုင်းမှစတင်၍ မန်းချောင်းရေလှောင်တမံဆည် လက်ဝဲ/လက်ယာမြောင်းမကြီးများမှ စိုက်ပျိုးမည့်ကျေးရွာအုပ်စုများရှိ လယ်ယာမြေများသို့ နွေသီးနှံများစိုက်ပျိုးရန် စိုက်ပျိုးရေများဖြန့်ဝေပေးလျက်ရှိကြောင်း၊ စိုက်ပျိုးကြမည့်စပါးမျိုးများမှာ အောင်နိုင်တိုးဧက ၂၀၀၊ မနောသုခ ၃၁၇ ဧက၊ ရတနာတိုးခြောက်ဧက၊ ရေအနည်းလို နှစ်ဧကနှင့် ဆင်းသုခ ၇၄၆ ဧက စုစုပေါင်း ၁၂၇၁ ဧက ကို ကွင်းပေါင်း ၁၂ ကွင်းတွင် လျာထားစိုက်ပျိုးသွားမည်ဖြစ်ရာ ယနေ့ထိ နွေစပါး ၄၆၄ ဧကစိုက်ပျိုးပြီးစီးနေပြီး လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ နွေသီးနှံများစိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးကောင်းမျိုးသန့်စပါးမျိုးများ ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးတက်ရေးအတွက်လိုအပ်သည့်စိုက်ပျိုးရေးနည်းစနစ်များ၊ တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်ကွင်းဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

## RBF စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

ကျောက်ပန်းတောင်း မတ် ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်ချောင်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို မတ်လ ၁၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများကကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ညောင်ဦးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ကျောက်ပန်းတောင်းမြို့နယ် ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် တာဝန်ရှိသူများသည် အင်ချောင်းကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် ထိုင်ပင်ပိန္နဲပင်များ စိုက်ပျိုးထားရှိမှု၊ စိမ်းချိုသရက်ပင်များ စိုက်ပျိုးထားရှိမှု၊ အသားတိုးဝက်များမွေးမြူထားရှိမှု၊ အစာများသိုလှောင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းအသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံကာ စိုက်ပျိုး၊ မွေးမြူရေးကုန်ကျစရိတ်၊ ရောင်းချသည့်ဈေးနှုန်းများကိုမေးမြန်းဆွေးနွေးပြီးကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အင်ချောင်းကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုးစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းမှ အစုအဖွဲ့တစ်ဖွဲ့လျှင် စီမံကိန်းချေးငွေကျပ် ၇ ဒသမ ၅ သန်း အစုအဖွဲ့လေးဖွဲ့အတွက် စုစုပေါင်းရန်ပုံငွေကျပ်သန်း ၃၀၊ အစုအဖွဲ့ထည့်ဝင်ငွေကျပ် ၁၆ ဒသမ ၈၇ သန်းဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ခိုင်

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုကြသည့်မြင်ကွင်း



ဆီဆိုင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)



မိုးညှင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ရစဉ်။
ရွှေမိုးညှင်း



ဟိုင်းကြီးကျွန်းမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုနေသည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ရစဉ်။
လှိုင်မျိုးအောင်(ဟိုင်းကြီးကျွန်း၊ ပြန်/ဆက်)



ပွင့်ဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးစဉ်။
လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



ကျွန်းလှမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ရစဉ်။
မျိုးဝင်းညို(ကျွန်းလှ)



မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ရစဉ်။
(၆၀၂)



ရမည်းသင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ် ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ရစဉ်။
ဟိန်းပြည့်ဇော်(ခရိုင်/ပြန်ဆက်)



ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ် ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ရစဉ်။
ဖုန်းကျော်ဇင်(ပြန်/ဆက်)

# မျက်မှောက်ကာလ အရှေ့အလယ်ပိုင်းရေးရာ

နိုင်အောင်စုစည်းသည်။

## အီရန်ပဋိပက္ခတွင် တစ်စိတ်တစ်ဒေသပါဝင်လာစေရန် တွန်းအားပေးခံလာရသည့် တူကီယဲ



အင်အားကြီးနိုင်ငံများကြားတွင်ဟန်ချက်ညီအောင် အစဉ်တစိုက်ကြိုးပမ်းလေ့ရှိသည့် တူကီယဲနိုင်ငံသည် ယခုအခါ အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခအတွင်းသို့ မဖြစ်မနေဆွဲသွင်းခံနေရပြီး ဘက်တစ်ခုခုကိုရွေးချယ်ရန် ဖိအားပေးခံနေရပြီဟု ကျွမ်းကျင်သူများက ယူဆလျက်ရှိသည်ကိုတွေ့ရသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း၌ အီရန်နိုင်ငံမှပစ်လွှတ်လိုက်သည်ဟုယူဆရပြီး တူကီယဲလေပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် ပဲ့ထိန်းဒုံးကျည်များကို နေတိုးအဖွဲ့၏ လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးတပ်ဖွဲ့များက နှစ်ကြိမ်တိုင်တိုင် ကြားဖြတ်ဟန့်တား၍ ဖျက်ဆီးနိုင်ခဲ့သည်။ တူကီယဲနိုင်ငံအတွင်းသို့ ပထမအကြိမ်ဝင်ရောက်လာသည့် ဒုံးကျည်ကို မတ်လ ၄ ရက်နေ့တွင် နေတိုးအဖွဲ့က ဟန့်တားခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်မြောက် ဒုံးကျည်ကို မတ်လ ၉ ရက်နေ့တွင် မြေထဲပင်လယ်အရှေ့ပိုင်း၌ ကြားဖြတ်ဟန့်တားခဲ့ခြင်းဖြစ်သည်။ သို့သော်အဆိုပါဖြစ်စဉ်များအတွင်း ထိခိုက်ဒဏ်ရာရသူမရှိခဲ့ပေ။

စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ တူကီယဲပိုင်နက်အတွင်းသို့ ဝင်ရောက်လာသည့် အဆိုပါ ဒုံးကျည်များသည် ဆီးရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၊ မြေထဲပင်လယ်အရှေ့ပိုင်းရှိအမေရိကန်စစ်သင်္ဘော သို့မဟုတ် ဆိုက်ပရပ်စ်နိုင်ငံရှိ ဗြိတိသျှ စစ်အခြေစိုက်စခန်းများကိုသာ ပစ်မှတ်ထားခြင်း ပိုမိုဖြစ်နိုင်သည်ဟု တူကီယဲသတင်းစာကြီးတစ်စောင်ဖြစ်သည့် Cumhuriyet က ဖော်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်တွင် တူကီယဲအစိုးရသည် မြောက်ပိုင်းဆိုက်ပရပ်စ်ဒေသတွင် F-16 အမျိုးအစားတိုက်လေယာဉ်ခြောက်စင်းနှင့်လေကြောင်းကာကွယ်ရေးစနစ်များကို ဖြန့်ချထားလိုက်သည်။

တူကီယဲနိုင်ငံသည် နေတိုးအဖွဲ့ဝင်တစ်နိုင်ငံဖြစ်ပြီး ဒေသတွင်းရှိ အီရန်နိုင်ငံနှင့်လည်း ကုန်သွယ်ဖက်နိုင်ငံဖြစ်ခြင်းကြောင့် လက်ရှိဖြစ်ပွားနေသည့်စစ်ပွဲတွင် မည်သည့်ဘက်မှမပါဘဲ ကြားနေရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော်လည်း နိုင်ငံ၏ပိုင်နက်အတွင်းသို့ ဒုံးကျည်များဝင်ရောက်လာခြင်းကြောင့် လုံခြုံရေးအရ စစ်ရေးပြင်ဆင်မှုများကို တိုးမြှင့်လာရခြင်းဖြစ်သည်။

အီရန်စစ်ပွဲ ပိုမိုပြင်းထန်လာခြင်းနှင့်စပ်လျဉ်း၍ တူကီယဲနိုင်ငံက စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။ အရှေ့အလယ်ပိုင်းဒေသတွင် အီရန်စစ်ပွဲ ပိုမိုဆိုးရွားလာခြင်းသည် တူကီယဲနိုင်ငံ၏စီးပွားရေးကို ထိခိုက်လာနိုင်မည်ကို တူကီယဲအစိုးရကစိုးရိမ်နေသည်။ ထိုသို့ဖြစ်လာပါက ၎င်းတို့၏ငွေကြေးဖောင်းပွမှုနှုန်း ပိုမိုမြင့်တက်လာစေနိုင်သည့်အပြင် စွမ်းအင်ထောက်ပံ့မှုကွင်းဆက်များတွင် အခက်အခဲများဖြစ်ပေါ်စေပြီး ခရီးသွားလုပ်ငန်းကိုလည်း နှေးကွေးသွားစေနိုင်သောကြောင့်ဖြစ်သည်။

ထို့ပြင် အန်ကာရာ တူကီယဲအစိုးရသည် အရှေ့အလယ်ပိုင်းဒေသရှိ ခန့်မှန်းရခက်သော နိုင်ငံရေးအပြောင်းအလဲများအတွက်လည်း စိုးရိမ်နေပြီး ဒေသတွင်းရှိ ကာ့ဒ်လက်နက်ကိုင်အဖွဲ့များနှင့် တင်းမာမှုများ တစ်ကျော့ပြန်ဖြစ်လာမည်ကို မလိုလားပေ။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရှုထောင့်မှကြည့်လျှင်လည်း တူကီယဲနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင် ဒုံးကျည်များဖြင့် တိုက်ခိုက်ခံနေရခြင်းကြောင့် ၂၀၁၅ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသကဲ့သို့ နိုင်ငံအတွင်းသို့ ဒုက္ခသည်များ အလုံးအရင်းနှင့်ထပ်မံဝင်ရောက်လာမည်ကို တူကီယဲအစိုးရက စိုးရိမ်လျက်ရှိနေသည်။

ထိုသို့သော အကြောင်းရင်းများကြောင့် မြင့်တက်လာသည့် အရှေ့အလယ်ပိုင်း ပဋိပက္ခတွင် တူကီယဲနိုင်ငံသည် ပါဝင်ပတ်သက်မှုမရှိဘဲ ခပ်ကင်းကင်းသာနေခဲ့ခြင်းဖြစ်သည်။ အစဉ်အလာအရ အင်အားစုနှစ်ရပ်ကြားခွထိုင်ကာ ဟန်ချက်ညီအောင် ကြိုးပမ်းလေ့ရှိသည့် တူကီယဲအစိုးရသည် မည်သည့်အင်အားစုဘက်မှ မလိုက်ဘဲ ကြားနေခြင်းကိုသာ ရွေးချယ်ခြင်းဖြစ်သည်။

ထို့ပြင် တူကီယဲနိုင်ငံသည် ယခုဖြစ်ပွားနေသည့်ဖြစ်စဉ်များကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ ရန်စမှုဟု ခေါ်ဆိုခဲ့ပြီး အဆိုပါတိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ အလွန်အမင်း ဝမ်းနည်းစိုးရိမ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် တူကီယဲအစိုးရသည် တစ်ဖက်တွင်မူ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဆွေးနွေးခဲ့သလို အခြားတစ်ဖက်တွင်လည်း အီရန်သမ္မတနှင့် ဆွေးနွေးမှုများပြုလုပ်၍ ၎င်းတို့၏ကြားနေမှုကို အထင်အရှားပြသခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ထိုသို့သော အခြေအနေမျိုးတွင် တူကီယဲပိုင်နက်အတွင်းသို့ ဒုံးကျည်များဝင်ရောက်လာခြင်းသည် တူကီယဲအစိုးရအား ၎င်းတို့၏ရပ်တည်ချက်ကိုပြောင်းလဲလာစေရန် ဖိအားပေးလာခဲ့ပြီဖြစ်သည်။

ထို့ပြင် လက်ရှိအီရန်အစိုးရသည် နိုင်ငံအတွင်းအခြေအနေအရပ်ရပ်ကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ စွမ်းဆောင်ရည်အားနည်းသည့် အစိုးရတစ်ရပ်အဖြစ်ထွက်ပေါ်လာမည်ဆိုပါက ကာ့ဒ်လက်နက်ကိုင်အဖွဲ့သည် တူကီယဲနိုင်ငံအား ကြီးကြီးမားမားခြိမ်းခြောက်လာနိုင်မည့် အလားအလာရှိနေသည်။ ထို့ကြောင့် တူကီယဲအစိုးရအနေဖြင့် ထိုသို့သောအခြေအနေကို ရှောင်လွှဲနိုင်ရေးအတွက် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခတွင် တစ်စိတ်တစ်ဒေသပါဝင်လာစေရန် တွန်းအားပေးခြင်းခံနေရသည်ဟု အမေရိကန်ဒီမိုကရေစီ ကာကွယ်ရေးဖောင်ဒေးရှင်းမှ ကျွမ်းကျင်သူများဖြစ်သည့် ဆီနန်ဆစ်ဒီနှင့် ဝီလီယံဒိုရန်တို့က သုံးသပ်ဖော်ပြထားကြောင်းရေးသားဖော်ပြလိုက်ရပါသည်။

Ref: lv

## ဟော်မုဇ်ရေလက်ကြားတွင် ထိုင်းကုန်တင်သင်္ဘောတစ်စင်းတိုက်ခိုက်ခံရ

ဟော်မုဇ်ရေလက်ကြားတွင် မောင်းနှင်သွားလာနေသည့် ထိုင်းကုန်တင်သင်္ဘောတစ်စင်း မတ်လ ၁၁ ရက်တွင် တိုက်ခိုက်ခံခဲ့ရကြောင်း ထိုင်းတော်ဝင်ရေတပ်က ထုတ်ပြန်သည်။

ယခုအချိန်အထိ အဆိုပါသင်္ဘောမှ အမှုထမ်း ၂၀ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး အိုမန်နိုင်ငံသို့ ပို့ဆောင်ပေးထားကြောင်းနှင့် တိုက်ခိုက်ခံရသည့်သင်္ဘောမှာ Precious Shipping PCL ကုမ္ပဏီပိုင် မာယုရီ နာရီ အမည်ရှိသင်္ဘောဖြစ်ကြောင်းသိရသည်။

အဆိုပါသင်္ဘောသည် မတ်လ ၁၁ ရက် အစောပိုင်းတွင် အာရပ်စော်ဘွားများပြည်ထောင်စုရှိ ခါလီဖာဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ပြီးနောက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်တွင် ဟော်မုဇ်ရေလက်ကြား၌ တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ထိုင်းတော်ဝင်ရေတပ်က ကယ်ဆယ်ရေးလုပ်ငန်းများကို ညှိနှိုင်းလုပ်ဆောင်ခဲ့ခြင်းကြောင့် အိုမန်တော်ဝင်ရေတပ်မှ ထိုင်းသင်္ဘောအမှုထမ်းများကို ကယ်ဆယ်နိုင်ခဲ့ပြီးနောက် အိုမန်နိုင်ငံ ခါဆပ်မြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။

ကျန်ရှိနေသည့် သင်္ဘောအမှုထမ်းသုံးဦးကိုမူ တာဝန်ရှိသူများက ဆက်လက်ရှာဖွေလျက်ရှိပြီး သင်္ဘောတိုက်ခိုက်ခံရသည့် အကြောင်းရင်းကိုမူ စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ထိုင်းတော်ဝင်ရေတပ်က ပြောကြားထားသည်။

Ref: Xinhua






## ရုရှားနိုင်ငံသားများအား အကူအညီပေးခဲ့သည့် အိမ်ရှင်အာရပ်စော်ဘွားများပြည်ထောင်စုကို ကျေးဇူးတင်ဟု ပူတင်ပြော

အရှေ့အလယ်ပိုင်းတွင် စစ်ရေးပဋိပက္ခမြင့်တက်နေစဉ် ရုရှားနိုင်ငံသားများအား အကူအညီပေးအပ်ခဲ့သည့် အိမ်ရှင်အာရပ်စော်ဘွားများပြည်ထောင်စုအား ရုရှားသမ္မတဗလာဒီမာပူတင်က ကျေးဇူးတင်ရှိကြောင်း ရုရှားအစိုးရက မတ်လ ၁၁ ရက်တွင် ထုတ်ပြန်သည်။

ထို့ပြင် အာရပ်စော်ဘွားများပြည်ထောင်စုခေါင်းဆောင် ဇာယစ် အယ်လ်နာယန်၏ ၆၅ နှစ်ပြည့်မွေးနေ့အတွက်လည်း ဂုဏ်ပြုစကားပြောကြားခဲ့ပြီး ကျန်းမာချမ်းသာစေကြောင်း သမ္မတပူတင်က ဆုမွန်ကောင်းတောင်းပေးခဲ့သည်။

ယင်းနောက် နှစ်နိုင်ငံခေါင်းဆောင်များသည် ရုရှားနှင့်အာရပ်စော်ဘွားများပြည်ထောင်စုတို့အကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးတိုးတက်လာမှုကို မှတ်တမ်းတင်ခဲ့ကြပြီး အရှေ့အလယ်ပိုင်းဒေသရှိ ပဋိပက္ခများမြင့်တက်လာသည့်အခြေအနေကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

Ref: lv

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော်  မတ်  ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း သတင်းမှန် (၅၀)ကြိမ် ရရှိခဲ့ပြီး သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ (၆၄) မှု၊ ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၀ ဒသမ ၃၂၇ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။



Multi Currency Value Counter (AC/DC)



လိုင်စင်မဲ့မော်တော်ယာဉ် (Nissan UD Truck 2024 Model)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဖမ်းဆီးရမိမှု။

သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်သစ်မျိုးစုံနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ အပါအဝင်တရားမဝင်ကုန်ပစ္စည်းတင်ဆောင်သည့်လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ငါးဖမ်းစက်လှေများ ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများသည် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သဖြင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်တင်ပို့/တင်သွင်းမှုများအား သတင်းပေးတိုင်ကြားရန်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀ ဒသမ ၃၂၇ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂၀၈ ဒသမ ၀၆၅ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန်ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၆၉၉၆၁၁၁၁၆၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@ gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။ မြဝတီ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ

နေပြည်တော်  မတ်  ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၈ ရက်**တွင် ဘားအံမြို့နယ်၊ စံဖရီးကျေးရွာအဝင်လမ်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၈၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၃၈၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၈ ရက်**တွင် တန့်ယန်းမြို့နယ်၊ နမ့်ဟူးလွယ်ကာကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ပင်လုံမြို့နယ်၊ ရပ်ကွက်(၂)၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၃၂၅၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၇၆၅၁၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



CCTV Pan/Tit AI Home Security Wi-Fi Camera

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၈ ရက်**တွင်သာပေါင်းမြို့နယ် အတွင်း၌ တရားမဝင်အခြားသစ် (၂ ဒသမ ၅၂၄)တန်**(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၁၂၀)** ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၇ ရက်**တွင် ပဲခူးမြို့နယ်၊ သနပ်ပင်မြို့ ရှောင်လမ်းအနီး၌ စုပုံထားသည့် အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၄၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၇၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mazda Demio (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်(၂)ဦး၏ ဝန်စည်များအတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၂၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၂၅၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ မတ်လ ၇ ရက်နှင့် ၈ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၆၀၆၂၂၀)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ** မှသိရသည်။ မြဝတီ

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော်  မတ်  ၁၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ်လ ၂ ရက်မှ ၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၄ ဒသမ ၃၅၈၂) တန်၊ သစ်မာ (၁၄ ဒသမ ၅၃၅၄)တန်၊ အခြား (၆၉ ဒသမ ၈၀၉၄)တန်၊ စုစုပေါင်း (၈၈ ဒသမ ၇၀၃၀)တန်၊ ယာဉ်/ယန္တရား (၉)စီး၊ တရားခံ (၁၁)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ မြဝတီ



| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် | |
| --- | --- | --- |
| နေပြည်တော် | ၂၂°c / | ၃၆°c |
| ရန်ကုန် | ၂၂°c / | ၃၇°c |
| မန္တလေး | ၂၅°c / | ၃၉°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၅၅၉၊ email : scfg.kyaukse@gmail.com


အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
We Protect The Family
နေပြည်တော် – ဖုန်း – ၀၆၇ – ၃၄၃၄၇၁၂၊ ၀၉ – ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ – ၈၃၇၈၉၆၅၊ ၀၉ – ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) – ၀၁ – ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း – ၀၉ – ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) – ၀၂ – ၄၀၃၀၄၆၇

❖ ကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ တိုးတက်အောင်မြင်မှုရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ် . . .

❖ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သောနှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# စက်သုံးဆီရောင်းချမှုများအပေါ် စိစစ်ကြပ်မတ်နိုင်ရေးဆောင်ရွက်သွားမည့်အစီအမံ အသိပေးထုတ်ပြန်ခြင်း




၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်

စက်သုံးဆီမပြတ်လပ်စေရန်နှင့် စက်သုံးဆီအမှန်တကယ်လိုအပ်သူများ အဆင်ပြေချောမွေ့စွာဝယ်ယူရရှိနိုင်စေရန်ရည်ရွယ်၍ အရောင်းဆိုင်များတွင် တစ်ရက်အတွင်း ၂ ကြိမ် (သို့မဟုတ်) ၃ ကြိမ်တန်းစီဝယ်ယူမှုများ လျော့နည်းပပျောက်စေရေးအတွက် အရောင်းဆိုင်များအနေဖြင့် တယ်လီဖုန်း Application ကိုအသုံးပြုပြီး စိစစ်ရောင်းချမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် အများပြည်သူဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် ပိုမိုရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် ယာဉ်ပိုင်ရှင်များမှ Application အသုံးပြုရန်နှင့် Registration ပြုလုပ်ရန် လုံးဝမလိုအပ်ဘဲ အရောင်းဆိုင်အခြေပြုစိစစ်သည့်နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ မော်တော်ယာဉ်များအတွက် Wheel Tax ၏ Barcode ကိုလည်းကောင်း၊

စာမျက်နှာ ၂၂ ကော်လံ ၁ ⊃

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့်တောင်ကြီးမြို့တို့ရှိ အရောင်းဆိုင်ဝန်ထမ်းများအား အသုံးပြုမည့် Control System စနစ်နှင့်စပ်လျဉ်း၍ လေ့ကျင့်သင်တန်းပေးခဲ့မှုမှတ်တမ်းဓာတ်ပုံ။

## "မြန်မာ့မျက်နှာစာသစ်ဖိုရမ်" ဖွင့်ပွဲအခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၁

"မြန်မာ့မျက်နှာစာသစ်ဖိုရမ်" (ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး) "FORUM ON DAWN OF THE NEW STATE" (Development & Stability) ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၃ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV- HD ၊ MRTV-News ၊ MRTV-NRC ၊ MRTV Sports ၊ MRTV-Entertainment ၊ MRTV Parliament ၊MITV ၊ MWD HD Channel၊ MWD Variety HD Channel ၊ Readers' Channel၊ Sky Net Up to Date၊ Channel 9 ရုပ်သံလိုင်းတို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ FM ပုဂံ ၊ Star FM၊ သဇင် FM တို့မှ လည်းကောင်း၊ MOI Website၊ MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

မြဝတီ

## Glan Master Futsal League I 2025-2026 ပြိုင်ပွဲတွင် YRG FC အသင်းချန်ပီယံဆုဆွတ်ခူး

ရန်ကုန် မတ် ၁၁

Glan Master Futsal League I 2025-2026 ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်များကို ယနေ့မတ်လ ၁၁ ရက်တွင် MFF Futsal Stadium ၌ကျင်းပရာ ပွဲစဉ်များအားလုံး ပြီးဆုံးချိန်တွင် YRG FC အသင်းသည် စုစုပေါင်းရမှတ် ၆၃ မှတ်ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်က ပြိုင်ပွဲတွင်

စာမျက်နှာ ၂၄ ကော်လံ ၁ ○




## ယူ - ၁၇ မြန်မာ - အိန္ဒိယအမျိုးသမီး ဘောလုံးအသင်း ခြေစမ်းပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၁

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲအောင်မြင်ထားသည့် မြန်မာယူ - ၁၇ အမျိုးသမီး ဘောလုံးအသင်းနှင့် အိန္ဒိယ ယူ-၁၇ အမျိုးသမီး အသင်းတို့၏ ခြေစမ်းပွဲ ပထမပွဲစဉ်ကို မတ်လ ၁၂ ရက် ညနေ ၅ နာရီတွင်လည်းကောင်း၊ ဒုတိယပွဲစဉ်ကို မတ်လ ၁၄ ရက် ညနေ ၅ နာရီတွင်လည်းကောင်း ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်များ၏ ယှဉ်ပြိုင်ကစားကြပုံများကို ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV Entertainment Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

